မြဝတီ
နေ့စဉ်
မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
၂၀၂၄ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြားဆက်ဆံရေးကောင်းမွန်လျက်ရှိမှုနှင့် ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲအတွေ့အကြုံမျှဝေလိုမှုအခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN နှင့် ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌတို့သည် နှုတ်ခွန်းဆက်စကားများအသီးသီးပြောကြားကြပြီး နှစ်နိုင်ငံအကြားဆက်ဆံရေးကောင်းမွန်လျက်ရှိမှု၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆


ပွဲကောက်ရေတံခွန် (B E.FALLS) အပန်းဖြေစခန်း

Sky Cable Carကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် Sky Cable Car စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။



## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ မေ ၈ ရက်)

# လူသားချင်းစာနာမှုအစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

နှစ်စဉ်မေလ ၈ ရက်သည် ကမ္ဘာ့ကြက်ခြေနီနေ့ (World Red Cross Day) ဖြစ်သည်။ ယခုနှစ်အတွက်သတ်မှတ်ထားသောဆောင်ပုဒ်မှာ "လူသားချင်းစာနာမှုအစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး" "Keeping Humanity Alive" ဖြစ်သည်။ လူသားချင်းစာနာမှုသည် ဤကမ္ဘာလောကကြီးတွင် လွန်စွာလိုအပ်နေသောစိတ်ထားဖြစ်သည်။ ထိုစိတ်ထားရှင်သန်နေရန်အတွက် ကမ္ဘာ့လူသားအားလုံးက ကြိုးပမ်းကြရန်တိုက်တွန်းထားခြင်းဖြစ်သည်။ လူသားချင်းစာနာမှုကို အစဉ်ရှင်သန်ရေးဝိုင်းဝန်းကြိုးပမ်းမှုတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏အခန်းကဏ္ဍသည် အဓိကကျလှသည်။ လူသားချင်းစာနာမှုဟုပြောဆိုနေသော်လည်း လက်တွေ့တွင်လိုက်ပါလုပ်ဆောင်နေခြင်းမရှိသောအခါ ကမ္ဘာ့နေရာဒေသအချို့တွင် သေကျေပျက်စီးငတ်မွတ်ခြင်းဘေးအန္တရာယ်နှင့်ကြုံတွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ကြက်ခြေနီအသင်းဖွဲ့စည်းထားရှိရာ ရည်ရွယ်ချက်မှာ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဖြစ်သည်။ ယင်းရည်ရွယ်ချက်အောင်မြင်စေရန်အတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်၊ ဘေးဒုက္ခရောက်သူများကိုကူညီရန်ဟူသည့် လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီကို မြန်မာနိုင်ငံကြက်ခြေနီအသင်းညီလာခံကိုယ်စားလှယ်များက ရွေးချယ်သောတိုင်းဒေသကြီးနှင့်ပြည်နယ်များမှကိုယ်စားလှယ်များ၊ အစိုးရခန့်အပ်သောကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်းဖြစ်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံအတွင်းလူမှုကရုဏာလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်စေရန်၊ နိုင်ငံတော်က ကြက်ခြေနီအသင်းအက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတကာကြက်ခြေနီလှုပ်ရှားမှုတွင် အမျိုးသားကြက်ခြေနီအသင်းတစ်သင်းအဖြစ်ရပ်တည်ခဲ့သည်။ လူမှုကရုဏာလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတော်၏အရန်အင်အားအဖြစ်ရပ်တည်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်နေသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း တစ်တပ်တစ်အားပါဝင်ကူညီလျက်ရှိသည်။

မြန်မာလူမျိုးတို့၏ပင်ကိုစရိုက်ဖြစ်သော ကြင်နာသနားစိတ်၊ ရိုင်းပင်းကူညီလိုစိတ်၊ ထောက်ပံ့ပေးကမ်းလိုစိတ်တို့သည် မြန်မာမှုနယ်ပယ်တွင် ရှေးအစဉ်အဆက်ကပင် ကိန်းအောင်းလျက်ရှိနေခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုသည့်ကရုဏာတရားသည် မြန်မာလူမျိုးတို့အတွက် အထူးတလည်မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်အတွင်း နေ့စဉ်လုပ်ဆောင်နေသော လူမှုဝတ္တရားများအဖြစ်ရှိနေခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်များမှာ ယနေ့ကမ္ဘာတွင် ရေပန်းစားနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လူမှုကရုဏာလုပ်ငန်းများပင်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် စေတနာ့ဝန်ထမ်းလုပ်အားရှင်များကိုအခြေခံကာဖွဲ့စည်းထားသည့်အသင်းဖြစ်သကဲ့သို့ လူထုလူတန်းစားအလွှာစုံပါဝင်သောလူမှုကရုဏာအသင်းလည်းဖြစ်သည်။ ပြည်သူလူထုအကျိုးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်လိုသောအသင်းတစ်သင်းဖြစ်စေရန်နှင့် လူမှုကရုဏာလုပ်ငန်းများကို စိတ်ပါဝင်စားကာ ပူးပေါင်းပါဝင်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးကာ ဖွဲ့စည်းဆောင်ရွက်သည့်အသင်းကြီးလည်းဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုကိုအလေးထားဆောင်ရွက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်းအတွင်း ထိခိုက်နစ်နာစေမှုလျော့ပါးရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးများမှာလည်း အမျိုးသားများနှင့်တန်းတူပါဝင်ဆောင်ရွက်လျက်ရှိပြီး လူမှုဝန်ထမ်းစိတ်ဓာတ်များအပြည့်အဝရှိသည့်ကြက်ခြေနီအသင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သောသဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခဖြစ်ပွားမှုများ၊ ကူးစက်ရောဂါကျရောက်မှုများတွင် ကျန်းမာရေးဝန်ထမ်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များနှင့်အတူ ကြက်ခြေနီမောင်မယ်များအနေဖြင့်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ အရန်အင်အားအဖြစ် ခေတ်အဆက်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့မေလ ၈ ရက်သည် (၇၆)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ ကမ္ဘာတစ်ဝန်းကျယ်ပြန့်စွာတည်ရှိသည့်ကြက်ခြေနီအသင်းပေါင်းများစွာကိုစတင်အုတ်မြစ်ချပေးခဲ့သူမှာ ဟင်နရီဒူးနန့်ဖြစ်သည်။ ဟင်နရီဒူးနန့်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၁၈၂၈ ခုနှစ် မေလ ၈ ရက်တွင်မွေးဖွားခဲ့သည်။ အသက် ၃၄ နှစ်အရွယ်တွင် စီးပွားရေးကိစ္စဖြင့် တတိယမြောက်နပိုလီယန်အားတွေ့ဆုံရန်သွားစဉ် ဆိုဖာရီနိုစစ်မြေပြင်သို့ရောက်ရှိခဲ့သည်။ စစ်ပွဲတွင်ပြုစုသူကင်းမဲ့နေသော နှစ်ဖက်စလုံးမှ ဒဏ်ရာရစစ်သည်များအားတွေ့မြင်ပြီးနောက် လူသားချင်းစာနာစိတ်ဖြင့် ကူညီပြုစုခဲ့သည်။ ကိုယ်ပိုင်စီးပွားရေးထက် ကြက်ခြေနီလုပ်ငန်းကို အလေးထားလုပ်ဆောင်ခဲ့သည်။ အနှစ်ချုပ်ဆိုရသော် "လူသားချင်းစာနာမှုအစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး" ဆောင်ပုဒ်နှင့်အညီ လိုက်ပါလုပ်ဆောင်လျက်ရှိကြသော မြန်မာနိုင်ငံကြက်ခြေနီအသင်းအပါအဝင် နိုင်ငံအသီးသီးရှိကြက်ခြေနီတပ်ဖွဲ့များအားဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**နေပြည်တော်၊ လူမှုရေး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေတန်းကျေးရွာအုပ်စု သပြေတန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေလ ၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေတန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၄ ဒသမ ၃၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ငွေကျပ် ၃၇ ဒသမ ၆၅ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

**နော်လူး**

မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

လှိုင်းဘွဲ့၊ လူမှုရေး

## လှိုင်းဘွဲ့မြို့နယ်၌ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကျင်းပ



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်ဂုဏ်ဆောင် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို မေလ ၆ ရက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ စစ်ဗျူဟာအခြေချ(လှိုင်းဘွဲ့)၏ တပ်ရင်း၊ တပ်ဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပညာရေးမိသားစုများက ပူးပေါင်းဆောင်ရွက်ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် လူရည်ချွန်ရွေးချယ်ခြင်းခံရသည့် လှိုင်းဘွဲ့မြို့နယ်ကိုယ်စားပြု နှစ်ထပ်ကွမ်းလူရည်ချွန်များဖြစ်ကြသည့် လှိုင်းဘွဲ့အခြေခံပညာအထက်တန်းကျောင်းမှ Grade-10 ကျောင်းသား မောင်ဟိန်းကျော်စွာ၊ ရွှေဂွန်းအခြေခံပညာအထက်တန်းကျောင်းမှ Grade-10 ကျောင်းသူ နော်မိုးကဗျာမောင်၊ လူရည်ချွန် ရွှေဂွန်းအခြေခံပညာအထက်တန်းကျောင်းမှ Grade-11 ကျောင်းသူ မခိုင်ခိုင်မော်တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းနှင့်တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ဂုဏ်ကိုဆောင်ယူပေးခဲ့ကြသော လူရည်ချွန်မောင်မယ်သုံးဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းက တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ ကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များက ၎င်းတို့၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာလူရည်ချွန်စခန်းအသီးသီးတို့မှ လေ့လာရေးခရီးစဉ်အတွေ့အကြုံမှတ်တမ်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ကရင်ပြည်နယ်တွင် လူရည်ချွန်ဆုအဖြစ် အလယ်တန်းအဆင့် Grade-9 အတွက် နှစ်ဦး၊ အထက်တန်းအဆင့် Grade-10 အတွက် နှစ်ဦး၊ Grade-11 အတွက် နှစ်ဦး၊ Grade-12 အတွက် နှစ်ဦး စုစုပေါင်း ရှစ်ဦး ရွေးချယ်ခံရကြောင်း သိရသည်။

**လင်းသန့်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိုးညှင်း၊ လူမှုရေး

## မိုးညှင်းမြို့၌ ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်ခြောက်ဦးအား ကြိုဆိုဂုဏ်ပြု

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ၂၀၂၄ ခုနှစ် ထူးချွန်ထက်မြက်သည့် လူရည်ချွန်မောင်မယ်များသည် လူရည်ချွန်လေ့လာရေး အပန်းဖြေစခန်းများသို့ သွားရောက်ခဲ့ကြပြီး မေလ ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုးညှင်းမြို့သို့ ပြန်လည်ရောက်ရှိလာရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိဘဆွေမျိုးများက ဂုဏ်ပြုပန်းစည်းများဖြင့် နွေးထွေးစွာ ကြိုဆိုဂုဏ်ပြုကြကြောင်း သိရသည်။



မိုးညှင်းမြို့နယ်မှ ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ် ခြောက်ဦးတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 မှ လူရည်ချွန်မောင်မယ် နှစ်ဦး၊ Grade-11 မှ လူရည်ချွန်မောင်မယ် နှစ်ဦး၊ Grade-9 မှ လူရည်ချွန်မောင်မယ် တစ်ဦးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ လူရည်ချွန်မောင်မယ် တစ်ဦး ပါဝင်သည်။

၎င်းတို့သည် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာအပန်းဖြေစခန်းများသို့ သွားရောက်လေ့လာကြပြီး မေလ ၆ ရက် မွန်းလွဲပိုင်းတွင် မော်တော်ကားများဖြင့် ပြန်လည်ရောက်ခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများက အိုးစည်ဗုံမောင်းများဖြင့် နွေးထွေးစွာကြိုဆိုကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

စကားနောက် တရားပါတွေ သူပြောနေတာ၊ ကိုအောင်က စကားပြောသိပ်လောကြီးတာ၊ ကိုလတ်နဲ့ သူနဲ့မတူတာလည်း သည်အချက်မှာပဲ။

ကိုလတ်က စကားတွေကိုစီပြီး ဦးနှောက်ထဲအရင်ထည့်ပြီးမှ နှုတ်ကထွက်လာတာ။

ကိုအောင်ကတော့ စကားအရင်ထွက်ပြီးမှ သူ့ဦးနှောက်က အသိကလိုက်လာတာ။

ခုတော့ သူ့စကားကို သူချက်ချင်းပဲ ပြင်လိုက်ပါတယ်။

ဘာမှမဖြစ်နိုင်ပါဘူးဟာတဲ့။

မျှော်လင့်ချက်အပြည့်ရှိတဲ့လေသံနှင့် ပြောလိုက်ပြန်သည်။

ဟုတ်တယ်။

ကိုလတ် ဘာမှမဖြစ်နိုင်ပါဘူး။

သွေးတွေလည်း သွင်းပြီးပြီပဲ။

ခွဲစိတ်ပြီးရင် ကောင်းသွားမှာပါ။

ငါလည်း စိတ်ပြေရာပြေကြောင်းတွေးလိုက်တယ်။

ဆေးရုံအပေါ်ထပ်ကို အောင်ယူထားတဲ့လက်မှတ်နှစ်စောင်နဲ့ တက်ရတော့ ဆန်းဆန်းမြင့်နဲ့ ငါလည်းတစ်လှည့်၊ ချောစုနဲ့ မမစံက တစ်လှည့် တက်ကြတယ်။

ချောစုတို့က အရင်တက်နှင့်တယ်။

ကိုအောင်ကတော့ ခပ်တည်တည်ပဲ လွယ်အိတ်ကြီးတကားကားနဲ့ တက်မယ်လုပ်တယ်။

ဆေးရုံက လှေကားစောင့်အလုပ်သမားက သူ့ရင်ဘတ်ကို တွန်းတော့ အဲသည်လူရဲ့လက်ကိုတွန်းဖယ်ပြီး ဖယ်စမ်းဗျာ၊ ခင်ဗျား ကျုပ်ကို ဘယ်သူမှတ်နေလဲလို့ ခပ်တည်တည်ပြောပြီး တက်သွားတယ်။

ပုဆိုးတစ်ပတ်နွမ်းနဲ့ လွယ်အိတ်လွယ်ထားတဲ့ကိုအောင်က ဆရာဝန်နဲ့တော့မတူပါဘူး။

ဒါပေမဲ့ လှေကားနားက ကုလားက ကိုအောင့်ကို ဆလံပေးလိုက်တယ်။

ဒုတိယအထပ် အခန်းထောင့်မှာ ကိုအောင်သွားစကားပြောနေတဲ့ကိုလတ်မိဘရယ်၊ ခင်မလတ်တို့ကိုတွေ့ရတယ်။

ခင်မလတ်ရုပ်က ကိုလတ်နဲ့သိပ်တူတာပဲ။

ချောတယ်။

မျက်လုံးတွေ၊ မျက်နှာနဲ့ နှာခေါင်းတွေဟာ နီနေတယ်။

အသားဖြူတော့ ငိုထားမှန်းသိတာပေါ့။

> “ကံကြမ္မာဟာ ကိုလတ်အပေါ် ဘယ်လောက်ထိကောင်းနိုင်မလဲစောင့်ကြည့်ရတော့မှာပဲ။
> ကိုလတ်ရဲ့ ခုတင်ခြေရင်းမှာ ငါရပ်ပြီးငိုင်နေမိတာအကြာကြီးပဲ။
> ကိုအောင်က ကိုလတ်ရင်ဘတ်နားကို သူ့နားကပ်ပြီး အသက်ရှူသံကို နားထောင်ကြည့်နေတယ်။
> အသက်ရှူသံနေးသွားမလားလို့ စိုးရိမ်နေတဲ့သူ့မျက်နှာဟာ အထင်းသားပေါ်နေတယ်. . .”

သူ့အဖေကလည်း မျက်နှာပျက်နေတယ်။

သူ့အမေကတော့ ရှူဆေးရှူနေပြီး နံရံတစ်ခုကိုမှီပြီးထိုင်နေတယ်။

မျက်လုံးတွေမှာလည်း မျက်ရည်စတွေနဲ့။

ကိုအောင်က ငါနဲ့ချောစုတို့ကို လက်ယပ်ခေါ်ပြီး မိတ်ဆက်ပေးထားခဲ့တယ်။

ကိုလတ်မိဘနဲ့ သူ့နှမလေးအသိုင်းအဝိုင်းက သိပ်ချစ်ဖို့ကောင်းတာပဲ။

သူတို့က ငိုထားတဲ့ငါတို့ကိုတောင် ပြန်အားပေးနေတယ်။

ငါတို့ကို ဖော်ဖော်ရွေရွေလည်း ဆက်ဆံတယ်။

အင်မတန်စိတ်နေသဘောထားပြည့်ဝတဲ့မိသားစုပဲ။

သည်မိသားစုလက်ထဲကနေ သေမင်းဟာ မညှာမတာ ကိုလတ်ကို ဆွဲထုတ်ရက်မယ်ဆိုရင် ငါမတွေးတော့ဘူး။

မတွေးချင်ဘူး။

မတွေးရဲဘူး။

မတွေးရက်ဘူး။

လူနာခန်းထဲ တို့ဝင်သွားတယ်။

လူနာခုတင်တစ်လုံးပေါ်မှာ ကိုလတ်ကိုမြင်တော့ ငါလန့်သွားတယ်။

ရင်ထဲမှာလည်း ထိတ်ခနဲဖို့သွားတာပဲ။

ပက်လက်အိပ်နေတဲ့ကိုလတ်က ငြိမ်သက်လွန်းတယ်။

မျက်လုံးဟောက်ပက်နဲ့။

မျက်နှာကလည်း ဖြူဖျော့ပြီး နှုတ်ခမ်းတွေလည်း ဖြူဆွတ်နေတယ်။

တိုင်ပေါ်က သွေးပုလင်းဟာ သူ့လက်ဖျံပေါ်ကို ပိုက်လုံးလေးကနေ တဖြည်းဖြည်းစီးဆင်းလာတယ်။

သူသတိရစပြုပေမယ့် အမြဲပဲမှိန်းနေတယ်လို့ ကိုအောင်က ပြောတယ်။

ခွဲစိတ်တဲ့ဒဏ်ကို သူခံနိုင်ပါ့မလား။

အချိန်ကြာကြာ ရွှေ့လို့မရဘူး။

သည်မနက်ပဲ ခွဲရတော့မှာတဲ့။

ကံကြမ္မာဟာ ကိုလတ်အပေါ် ဘယ်လောက်ထိကောင်းနိုင်မလဲစောင့်ကြည့်ရတော့မှာပဲ။

ကိုလတ်ရဲ့ ခုတင်ခြေရင်းမှာ ငါရပ်ပြီးငိုင်နေမိတာအကြာကြီးပဲ။

ကိုအောင်က ကိုလတ်ရင်ဘတ်နားကို သူ့နားကပ်ပြီး အသက်ရှူသံကို နားထောင်ကြည့်နေတယ်။

အသက်ရှူသံ နှေးသွားမလားလို့ စိုးရိမ်နေတဲ့သူ့မျက်နှာဟာ အထင်းသားပေါ်နေတယ်။

အသက်ရှူတာနှေးတာနဲ့ ဆရာဝန်ကို ပြေးခေါ်ရမှာပဲ။

စောစောက သူ့မိဘက သူနာပြုတစ်ယောက်ငှားဖို့တိုင်ပင်နေတာကြားရတယ်။

ချောစုကတော့ ကိုလတ်ရဲ့ရင်ဘတ်ပေါ်က ကိုလတ်ရဲ့ဖြူဆွတ်နေတဲ့လက်ကို မထိရက် ထိရက်နဲ့ ထိကြည့်နေတယ်။

အောင်ကတော့ ကိုလတ်ကို ငေးကြည့်ရုံသာကြည့်နေတယ်။

ဘာလုပ်ရမှန်းလည်းမသိဘူး။

ဂါထာနဲ့မန်းမှုတ်လို့ရရင်ကောင်းမှာပဲလို့ တွေးနေမိတယ်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ဟိုင်းကြီးကျွန်း၊ ခရီးသွား**

## ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၄၈၉၅၅ ဦး လာရောက်လည်ပတ်

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၄၈၉၅၅ ဦး လာရောက်လည်ပတ်ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာ၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေကို မတ်လအတွင်းက ခရီးသွားဧည့်သည် ၃၈၉၅၅ ဦးလာရောက်လည်ပတ်ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ ခရီးသွားဧည့်သည် ၄၈၉၅၅ ဦးအထိ လာရောက်လည်ပတ်ကြောင်း သိရသည်။

“ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီအနီးမှာတည်ရှိပါတယ်။ ဧပြီလက သင်္ကြန်ကာလဖြစ်တာကြောင့် လာရောက်အပန်းဖြေတဲ့သူတွေများခဲ့ပါတယ်။ ဧပြီလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၅၀၀၀၀ နီးပါးအထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ကမ်းခြေကိုလာတဲ့ဧည့်သည်တွေမှာ ဒေသတွင်း ခရီးသွားဧည့်သည်တွေအပြင် ရန်ကုန်တိုင်းဒေသကြီးဘက်ကလာတဲ့ ခရီးသွားဧည့်သည်တွေလည်းများပါတယ်”ဟု ဒေါ်နီနီမာကပြောသည်။

အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့်ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန်အတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

**တံတားဦး၊ စိုက်ပျိုးရေး**

## တံတားဦးမြို့နယ်၌ ဆီထွက်သီးနှံနွေနှမ်း ၃၃၄၈ ဧကနှင့် စံပြကွက်နှစ်ဧက စိုက်ပျိုးပြီးစီး



မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ တောင်သူများအနေဖြင့် နွေသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနွေနှမ်း ၃၃၄၈ ဧကနှင့် စံပြကွက်နှစ်ဧက စုစုပေါင်းဧက ၃၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရာတွင် ကင်းတားရေသောက်စနစ်ဖြင့် ကျေးရွာအုပ်စုကိုးစု၌ စိုက်ဧက ၃၀၀၀၊ ချောင်းမနက်ရေသောက်စနစ်ဖြင့် ကျေးရွာအုပ်စုသုံးစု၌ စိုက်ဧက ၁၅၀၊ ပြူကန်ရေသောက်စနစ်ဖြင့် ကျေးရွာအုပ်စုတစ်စု၌ စိုက်ဧက ၁၉၈ ဧကနှင့် စံပြကွက်နှစ်ဧက စုစုပေါင်းဧက ၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စံပြကွက်နှစ်ဧကကို ပြူကန်ကျေးရွာ တောင်သူဦးအောင်ငွေ၏ လယ်ယာမြေ၌ ဘောင်ကြီးစနစ်ဖြင့် စိုက်ပျိုးထားကြောင်း၊ နှမ်းများကို ရိုးရိုးကြဲပက်စနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် နှစ်ပြည်ကုန်ကျသော်လည်း ဘောင်ကြီးစနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် တစ်ပြည်ခွဲသာကုန်ကျကြောင်းနှင့် နှမ်းများကို ဆင်းရတနာ (၄) မျိုးစေ့နှင့် ကံရှိနှမ်းမျိုးစေ့ကိုသာ စိုက်ပျိုးကြောင်း သိရသည်။

နှမ်းများမစိုက်ပျိုးမီ မြေယာပြုပြင်ခြင်းများဆောင်ရွက်ပြီး ဘောင်ကြီးစနစ်ဖြင့် စိုက်ပျိုးရန် မြေများကိုဘောင်တင်ရကြောင်း၊ ဘောင်တင်ပြီးစီးပါက နှမ်းမျိုးများကို စနစ်တကျစိုက်ပျိုးရကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

ကျောက်ပန်းတောင်း၊ ဒေသဖွံ့ဖြိုးရေး

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆီထွက်သီးနှံအထူးဇုန်များ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာအုပ်စု လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆီထွက်သီးနှံ အထူးဇုန်များစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ဒေသခံတောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မေလ ၇ ရက်တွင် ကျင်းပသည်။


အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေဝင်းက ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ ကျောက်ပန်းတောင်းမြို့နယ်၌ ဆီထွက်သီးနှံအထူးဇုန်များဖြစ်သည့် ကျေးရွာအုပ်စုများမှ ဆီထွက်သီးနှံ အားထားစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် လိုအပ်သည်များဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းလွင်က မြေယာကိစ္စများနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေအသုံးချမှုမှန်ကန်ရေးနှင့် စိုက်ပျိုးရေးနည်းပညာရပ်ဆိုင်ရာကိစ္စများကို ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တို့မှ ဦးစီးမှူးများ တက်ရောက်ကြပြီး လက်ပံပျားတိုက်နယ်အတွင်းရှိ လက်ပံပျားအုပ်စု၊ တယ်ပင်တဲအုပ်စု၊ အုံးမှုန့်ရိုးအုပ်စု၊ ရသေ့တောင်အုပ်စု၊ ဝက်သချဉ်အုပ်စု၊ ကျောက်ပုံအုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့်တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဂန့်ဂေါ | (၀. ၄၃)လက်မ |
| ဟားခါး | (၀. ၃၉)လက်မ |
| တီးတိန် | (၀. ၃၉)လက်မ |
| ပူတာအို | (၀. ၂၄)လက်မ |
| မချမ်းဘော | (၀. ၂၄)လက်မ |
| တွန်းဇံ | (၀. ၂၄)လက်မ |
| စစ်တွေ | (၀. ၂၀)လက်မ |
| မော်လိုက် | (၀. ၁၆)လက်မ |
| ထီးလင်း | (၀. ၁၀)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ဇောင်းတူ | ၄၂. ၅ °C |
| ပြည် | ၄၂. ၀ °C |
| ရွှေကျင် | ၄၂. ၀ °C |
| အောင်လံ | ၄၁. ၉ °C |
| ပဲခူး | ၄၁. ၆ °C |
| မြဝတီ | ၄၁. ၆ °C |
| မကွေး | ၄၁. ၁ °C |
| ညောင်လေးပင် | ၄၁. ၀ °C |
| ငါးသိုင်းချောင်း | ၄၁. ၀ °C |
| တောင်ငူ(လေကြောင်းမိုးလေဝသ) | ၄၀. ၇ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၉ | ၂၉ |
| ရှမ်း(မြောက်) | ၁၉ | ၃၅ |
| ရှမ်း(အရှေ့) | ၁၈ | ၃၆ |
| ရှမ်း(တောင်) | ၁၈ | ၃၅ |
| ချင်း | ၁၁ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၂ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၆ |
| နေပြည်တော် | ၂၄ | ၃၉ |
| မန္တလေး | ၂၅ | ၃၄ |
| မကွေး | ၂၃ | ၃၈ |
| ရခိုင် | ၂၃ | ၃၆ |
| ပဲခူး | ၂၅ | ၄၀ |
| ရန်ကုန် | ၂၄ | ၄၀ |
| ဧရာဝတီ | ၂၅ | ၄၀ |
| ကယား | ၂၂ | ၃၃ |
| ကရင် | ၂၆ | ၄၀ |
| မွန် | ၂၄ | ၃၈ |
| တနင်္သာရီ | ၂၃ | ၃၄ |

- တိမ်ထူထပ်
- နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ
- နေရာကွက်ကျား/နေရာကျဲကျဲမိုးရွာ
- နေရာစိပ်စိပ်/မိုးကြီး
- တိမ်အသင့်အတင့်ဖြစ်ထွန်း
- သာယာ

ပင်းတယ၊ လူမှုရေး

# ပင်းတယမြို့၌ ၂၀၂၄ ခုနှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပ



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ၂၀၂၄ ခုနှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မေလ ၆ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားရာတွင် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို လူငယ်များ ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာအယူဝါဒနှင့် ဗုဒ္ဓဘာသာစာပေများကို ဘုန်းတော်ကြီးကျောင်းများတွင် ဘိုးဘေးဘီဘင်မှစ၍ သင်ကြားခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက နွေရာသီယဉ်ကျေးလိမ္မာသင်တန်းအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းနည်းပြ ရှစ်ဦးက မေလ ၁၇ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့သည် ပင်းတယမြို့ပေါ် ရပ်ကွက်များအတွင်း သောက်သုံးရေလုံလောက်စွာရရှိမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးကြကြောင်း သိရသည်။

**(၄၀၅)**

ပွင့်ဖြူ၊ အသိပညာပေး

# ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ဈေးရောင်းဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် တွေ့ကြုံရမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို မေလ ၆ ရက်က ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ဈေးကော်မတီဝင်များနှင့်ပူးပေါင်း၍ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်း/အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်များနှင့်တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ပလတ်စတစ်ပစ္စည်းများ သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချကြရန်၊ ပြည်သူများအစားအစာဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေး ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်များကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဈေးရောင်းချရာတွင် ပလတ်စတစ်ပစ္စည်း အစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ရန်ကုန်၊ ကုန်သွယ်ရေး

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၀၀ ကျော်တင်ပို့နိုင်

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၁၁ ဒသမ ၄၆၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၅ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၁ ဒသမ ၁၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၆ သန်းရရှိသည့်အတွက် စုစုပေါင်း ပုစွန်မက်ထရစ်တန် ၃၂၂ ဒသမ ၅၇၈ တန်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၀ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။ **စောယု**

နေပြည်တော်　မေ　၇

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာကို သွားရောက်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မကြာမီ ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းများယာယီဖွင့်လှစ်နိုင်ရန် နေရာရွေးချယ်ထားကြရန်၊ သက်ဆိုင်ရာဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ဒေသခံပြည်သူများကလည်း ကလေးများကျောင်းတက်နိုင်ရေးအတွက် လှုံ့ဆော်ဆောင်ရွက်ပေးကြရန် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးပိုင်းတာဝန်ယူရသောအဖွဲ့များကလည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီဆိုင်မြို့ အောင်စံပြည့်လွယ်မွေစေတီတော် ကျောင်းဝင်းအတွင်း နယ်စပ်ရေးရာဦးစီးဌာနမှ တည်ဆောက်ထားသော ဆီဆိုင်မြို့ ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာများကို ဖြန့်ဖြူးပေးလျက်ရှိသော ရေစုကန်အားသွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများအားမှာကြားသည်။

ယင်းနောက် ဆီဆိုင်မြို့ မြို့မဈေးပြန်လည်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပြန်လည်ပြုပြင်နေမှု၊ ဆီဆိုင်မြို့ ဇဝနရာမကျောင်းတိုက် မြို့ဦးရေထွက်မှ ဆိုလာစနစ်ဖြင့်ရေဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ အခြေခံပညာအထက်တန်းကျောင်းတွင် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကိုကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသောအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီဆိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြို့နယ်ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆိုက်ခေါင်မြို့ ဇေတိကာရာမကျောင်းတိုက်တွင်သီတင်းသုံးနေသည့် ဆီဆိုင်မြို့ ဇဝနရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများလှူဒါန်းကြသည်။

ထို့နောက် ဆိုက်ခေါင်မြို့ ပါလောပါကယ်ကျေးရွာအုပ်စုရှိ ဇေတိကာရာမဘုန်းကြီးကျောင်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြန်လည်ထူထောင်ရေးကဏ္ဍတွင် အစိုးရအဖွဲ့တစ်ခုတည်းမဟုတ်ဘဲ ပြည်သူများပါဝင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးရန်နှင့် သက်ဆိုင်ရာဌာနများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က မိုင်းရှင်းလင်းရေး၊ လျှပ်စစ်မီးနှင့်ရေရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးကြရန်၊ ဌာနဆိုင်ရာများအားလုံးက တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့က စားသောက်ဖွယ်ရာပစ္စည်းများထောက်ပံ့ပေးအပ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်တလုံးကြီးမြို့နယ် ထီလုံရပ်ကွက်နေ ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီအား သွားရောက်တွေ့ဆုံဂါရဝပြု၍ ကျန်းမာရေးအခြေအနေမေးမြန်းကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**

၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်

၁။ နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပါသည်။ ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၂ ပါတီကို တည်ထောင်ခွင့်ပြုခဲ့ပြီး ၁ ပါတီကို တည်ထောင်ခွင့်ငြင်းပယ်ခဲ့ပါသည်။

၂။ တည်ထောင်ခွင့်ပြုရန်ကျန်ရှိသည့် ၂ ဖွဲ့အနက် **ဒီမိုကရေစီပါတီ** ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ယင်းပါတီ၏ ပါတီတည်ထောင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဂ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့ကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

နေပြည်တော်　မေ　၇

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော်　မေ　၇

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC တို့အကြား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ခြေတုလက်တုထုတ်လုပ်ရေးနှင့် တပ်ဆင်ရေးအလုပ်ရုံများ အဆင့်မြှင့်တင်ရေးနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စ၊ ကျွမ်းကျင်ပညာရှင်များမွေးထုတ်နိုင်ရေး အသိပညာဖလှယ်ခြင်းနှင့်သင်တန်းပို့ချရေးဆိုင်ရာကိစ္စ၊ ICRC မှ မြန်မာနိုင်ငံအတွင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်   မေ   ၇

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၈၃ ဦးနှင့် ဘောဂဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ ၁၉၄ ဦးရှိ

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့် မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေလျက်ရှိသည်။

အဆိုပါအထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်၌ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၂၅ ဦးရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၈၃ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဘောဂဗေဒဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၁၀ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၉၄ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ပူးတွဲ

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

**ဘာသာရပ်-ဇီဝဗေဒ** | **ရက်စွဲ၊ ၆ - ၅ - ၂၀၂၄**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၃ | ၇ | ၁၀ | ၂ | ၇ | ၉ | ၁ | ၀ | ၁ | ၉၀.၀၀% | ၁၀.၀၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၀ | ၄ | ၄ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၅၀.၀၀% | ၅၀.၀၀% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၇ | ၁၆ | ၂၃ | ၅ | ၁၂ | ၁၇ | ၂ | ၄ | ၆ | ၇၃.၉၁% | ၂၆.၀၉% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၂၁ | ၂၉ | ၅၀ | ၉ | ၉ | ၁၈ | ၁၂ | ၂၀ | ၃၂ | ၃၆.၀၀% | ၆၄.၀၀% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၇ | ၂၂ | ၂၉ | ၇ | ၂၁ | ၂၈ | ၀ | ၁ | ၁ | ၉၆.၅၅% | ၃.၄၅% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | **စုစုပေါင်း** | **၁၁** | **၁၁** | **၁၁** | **၄၀** | **၈၅** | **၁၂၅** | **၂၅** | **၅၈** | **၈၃** | **၁၅** | **၂၇** | **၄၂** | **၆၆.၄၀%** | **၃၃.၆၀%** | |

ပူးတွဲ

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

**ဘာသာရပ်-ဘောဂဗေဒ** | **ရက်စွဲ၊ ၆- ၅ - ၂၀၂၄**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၂၄ | ၃၉ | ၈ | ၁၇ | ၂၅ | ၇ | ၇ | ၁၄ | ၆၄.၁၀% | ၃၅.၉၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၃ | ၉ | ၃ | ၀ | ၃ | ၃ | ၃ | ၆ | ၃၃.၃၃% | ၆၆.၆၇% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၂ | ၂ | ၂ | ၂၀ | ၂၁ | ၄၁ | ၁၂ | ၁၂ | ၂၄ | ၈ | ၉ | ၁၇ | ၅၈.၅၄% | ၄၁.၄၆% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၀၇ | ၁၇၅ | ၂၈၂ | ၃၇ | ၇၄ | ၁၁၁ | ၇၀ | ၁၀၁ | ၁၇၁ | ၃၉.၃၆% | ၆၀.၆၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၄ | ၇ | ၃ | ၄ | ၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၉ | ၁၃ | ၂၂ | ၆ | ၁၂ | ၁၈ | ၃ | ၁ | ၄ | ၈၁.၈၂% | ၁၈.၁၈% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | | ၁ | ၁ | | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | **စုစုပေါင်း** | **၁၀** | **၁၀** | **၁၀** | **၁၆၄** | **၂၄၆** | **၄၁၀** | **၆၉** | **၁၂၅** | **၁၉၄** | **၉၅** | **၁၂၁** | **၂၁၆** | **၄၇.၃၂%** | **၅၂.၆၈%** | |

# လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးပစ်ခြင်း အသိပညာပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လျှပ်စီးလက်ခြင်း၊မိုးကြိုးပစ်ခြင်း ပညာပေးစာစောင်

မိုးကြိုးပစ်ခြင်းသည် မိုးကြိုကာလ (ဧပြီလနှင့် မေလ) နှင့် မိုးနှောင်းကာလ (အောက်တိုဘာလနှင့် နိုဝင်ဘာလ) များတွင် များသောအားဖြင့်ဖြစ်ပေါ်လေ့ရှိသည်။ မိမိတို့ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါကမိုးကြိုးပစ်နိုင်သည့်အန္တရာယ်ရှိနိုင်ပါသည်။



## လျှပ်စီးလက်ခြင်းမဖြစ်မီကြိုတင် လုပ်ဆောင်ရန်အချက်များ

၁။နေအိမ်အဆောက်အအုံများတွင် မိုးကြိုးလွှဲတပ်ဆင်အသုံးပြုပါ။




၁

၂။ ပြတင်းပေါက်မှန်များအား အလင်းဝင်ရောက်မှုမှ ကာကွယ်ပါ။ (စက္ကူကပ်ခြင်း၊ လိုက်ကာတပ်ဆင်ခြင်း)



၃။ လျှပ်စစ်မီးဖြတ်သောပင်မမိန်းခလုတ်များတပ်ဆင်ပါ။




၄။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို နှင့် မသန်စွမ်း အပါအဝင် မိသားစုဝင်များအား မိုးကြိုး အန္တရာယ်နှင့် ဆောင်ရန် ရှောင်ရန်သတိပေးချက်များ အသိပေးထားပါ။



၂

## လျှပ်စီးလက်မှုဖြစ်ပွားစဉ်အိမ်အတွင်း ရှိနေလျှင်

၁။ လျှပ်စီးလက်မှုဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ရေချိုးခြင်းမပြုလုပ်ပါနှင့်၊ သတ္တုနှင့်ဆက်စပ်ပစ္စည်းများတွင်လျှပ်စီးဝင်နိုင်သည်ကိုသတိပြုပါ။



၂။ သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့် ဝေးဝေးနေပါ။




၃။ တယ်လီဖုန်းများ အသုံးမပြုပါနှင့်။



၃

၄။ အိမ်တွင်းလျှပ်စစ်အသုံးအဆောင်ပစ္စည်းများမှ မီးပလတ်များဖြုတ်ထားပါ။ မီးခလုတ်များပိတ်ထားပါ။




၅။ ပြတင်းပေါက်နှင့်ဝေးရာတွင်နေပါ။



## လျှပ်စီးလက်မှုဖြစ်ပွားစဉ် အိမ်အပြင်တွင်ရှိနေလျှင်

၁။ မိမိနေထိုင်သောနေရာအနီးတစ်ဝိုက်တွင် မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိပါက အိမ်အတွင်း (သို့မဟုတ်) အဆောက်အအုံအတွင်းသို့ဝင်ပါ။



၄

၂။ ကွင်းပြင်သို့မဟုတ် သစ်တောများထဲသို့ရောက်ရှိနေပါက သစ်ပင်ငယ်များရှိနေသည့်အနိမ့်ပိုင်းသို့ ဝင်ရောက်ပြီးအကာအကွယ်ယူပါ။



၃။ ဆံပင်များထောင်လာသည်ဟုခံစားရပါက ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုပ်ထိုင်ပါ။ ဝမ်းလျားမမှောက်ပါနှင့်။



၄။ စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။



၅

၅။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။



၆။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။



၇။ ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။



၆

၈။ လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံ အနီးတွင် မနေပါနှင့်။



## လျှပ်စီးလက်ခြင်း ဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ

၁။ မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။



၂။ မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှ နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထား ကြည့်ရှုနေထိုင်ပါ။



၇

၃။ လျှပ်စစ်မီးကြိုးများပြတ်တောက်ခြင်းကို သတိထား ရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံး သတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။




၄။ မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံး ဆေးအကူအညီ ရရှိရေးဆောင်ရွက်ပါ။

၅။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူ များကို အထူးဂရုပြု ကူညီပါ။



သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com, reliefupper2022@gmail.com, myanmareoc.rrd@gmail.com

သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခုပဲ အခမဲ့ရယူလိုက်ပါ။

Developed by ; In collaboration with ; Printed by ;

# ဆီထွက်သီးနှံဖူလုံရေး အမျိုးသားရေးအသိဖြင့် အားလုံးပူးပေါင်းပါဝင်ပေး

နွေကုံကော်(မြို့လှ)

**ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုတွင် အထူးဇုန်များသတ်မှတ်ကာ မြေပဲ၊ နှမ်း၊ နေကြာတို့ကို စိုက်ပျိုးသွားမည် . . .**

**စာရေးသူတို့နိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီအုန်း၊ ဆီမုန်ညင်းနှင့်ပဲပုပ်တို့ကို ဆီထွက်သီးနှံများအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော်လည်း ပန်းနှမ်းနှင့်ဆီမုန်ညင်းသည် အခြားဆီထွက်သီးနှံများနှင့်နှိုင်းစာလျှင် ထုတ်လုပ်မှုနည်းပါးလျက်ရှိနေသည်ကို တွေ့ရှိရ . . .**

၂၀၂၄ ခုနှစ် ဧပြီလအတွင်း ပူပြင်းလှသည့် နွေရာသီတွင် အပူလှိုင်းကပါ အပိုဆောင်းဖြတ်သဖြင့် နေရထိုင်ရအတော်ခက်ခဲ့ကြသည်။ “ ပူလွန်းလို့ ညမအိပ်နိုင်ဘူး” ဟူသည့် အသံများကို ယနေ့အချိန်ထိအောင်ကြားနေရဆဲဖြစ်သည်။ လူငယ်များပင် အတော်ခံရခက်သည့် အပူပြဿနာသည် သက်ကြီးပိုင်းများအတွက် ပိုမိုဒုက္ခရောက်စေခဲ့ကြသည်။ မြန်မာပြည်အလယ်ပိုင်းဒေသမှ မြို့ကြီးများ ကမ္ဘာ့စံချိန်တင်စာရင်းဝင်သည်အထိ ဖြစ်ခဲ့ရသည်။ အပူဒဏ်ကြောင့် ဒေသခံများမှာလည်း မိုးကိုသာ တစ်မျှော်တည်းမျှော်ခဲ့ကြသည်။ ထိုသို့ နေ့အပူချိန် တဖြည်းဖြည်း မြင့်တက်ခဲ့မှုများကြောင့် အပူပြန်တက်တိမ်များဖြစ်ထွန်းကာ ဧပြီလနှောင်းပိုင်းနှင့် မေလဆန်းကာလများတွင် မွန်းလွဲပိုင်းနှင့်ညနေပိုင်းများအတွင်း မိုးတိမ်တောင်များဖြစ်ထွန်းခဲ့ပြီး လေပြင်းများနှင့်အတူ မိုးပါရွာခဲ့လေသည်။ ရွာသွန်းပေးသောမိုးကြောင့် မိုးမျှော်နေသူများ အပျော်ကြီးပျော်ခဲ့ရသည်။ မှန်ပါသည်။ မိုး၏ရှေ့ပြေး လေနုအေးလေးများ တိုက်ခတ်လာချိန်မှစ၍ အပူရှိန်သိသိသာသာလျော့သွားခဲ့သည်။ မိုးရွာပြီးပြန်တော့လည်း မိုးငွေ့အစိုဓာတ်ဖြင့် တစ်ရက်တန်သည် နှစ်ရက်တန်သည် အပူဒဏ်လျော့ပါးခဲ့ရသည်။ မလျော့လို့လည်းမဖြစ်ပါချေ။ စာရေးသူအိမ်ရှေ့မှ ခရမ်း၊ ပဲတိုင်တောင်၊ သဘော်ပင်လေးများသည် ညနေ ၃ နာရီဝန်းကျင်တိုင်း ခေါင်းငိုက်စိုက်ကျ၊ ညှိုးဖတ်နွမ်းရော်လို့နေသည်။ အခြားသော မိတ်ဆွေများ၏ စိုက်ပျိုးခင်းများနှင့် တောင်သူဦးကြီးများဆီမှ လည်းနေပူပြင်းမှု၊ အပူလှိုင်းဖြတ်မှုတို့ကြောင့် စိုက်ခင်းများပျက်စီးရသည့် သတင်းအစုံကို နေ့စဉ်ကြားသိနေရသည်မဟုတ်ပါလား။ အခုမိုးလေး ရွာပေးသဖြင့် ပျိုးကြဲဖို့စောင့်ဆိုင်းနေကြသူများရော စာရေးသူပါ စိတ်ရွှင်လန်းရတော့၏။

တစ်ဆက်တည်းဆိုသလို နေ့စဉ်ထုတ်သတင်းစာများတွင် မြန်မာပြည်တစ်ဝန်း ဆီထွက်သီးနှံများနှင့် အခြားသော ရာသီပေါ်ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးသည့် သတင်းများကို မြင်ရဖတ်ရသဖြင့် စိုက်ပျိုးသူတောင်သူဦးကြီးများအတွက်ရော နိုင်ငံတော်အတွက်ပါ ဝမ်းသာဖွယ်သတင်းကောင်းများအဖြစ် မှတ်ယူမိပြန်သည်။ ပို၍ဝမ်းသာဖွယ်ကောင်းသည်ကား ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုတွင် အထူးဇုန်များသတ်မှတ်ကာ မြေပဲ၊ နှမ်း၊ နေကြာတို့ကို စိုက်ပျိုးသွားမည်ဟူသောသတင်းပင်ဖြစ်၏။ စာရေးသူတို့နိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီအုန်း၊ ဆီမုန်ညင်းနှင့်ပဲပုပ်တို့ကို ဆီထွက်သီးနှံများအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော်လည်း ပန်းနှမ်းနှင့် ဆီမုန်ညင်းသည် အခြားဆီထွက်သီးနှံများနှင့်နှိုင်းစာလျှင် ထုတ်လုပ်မှုနည်းပါးလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

မြေပဲ၊ နေကြာ၊ နှမ်းတို့သည် ကျေးလက်တောရွာတွင် မွေးဖွားသည့် စာရေးသူနှင့် မစိမ်းလှပေ။ ပဲပုပ်စိုက်ပျိုးခြင်းကိုတော့ ရှမ်းပြည်နယ်တွင် တာဝန်ကျမှသာတွေ့မြင်ခဲ့ရသည်။ စာရေးသူတို့မိသားစုမှာ ပဲပုပ်ချက်ကိုအလွန်ကြိုက်ကြ၏။ ပဲပုပ်ချက်နှင့် အချဉ်ဟင်း၊ ငရုတ်သီးဆားထောင်းသည် လွန်စွာလိုက်ဖက်၏။ ထိုသို့စားသုံးသော်လည်း ပဲပုပ်၏အရည်အသွေးများကိုမသိခဲ့ပေ။ ပဲပုပ်စားလျှင် အိပ်ချင်သည်ဆိုတာမျှကိုသာ အလွယ်တကူသိနားလည်ခဲ့သည်။ မှတ်တမ်းများအရ ပဲပုပ်သည် ကမ္ဘာ့အရေးအကြီးဆုံး သီးနှံ(၁၀)မျိုးအနက် အမှတ်စဉ်(၆)တွင်ရှိနေပြီး လူသားတို့အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံလည်းဖြစ်ပါသည်။ ပရိုတင်းဓာတ်ကြွယ်ဝသဖြင့် ပဲပုပ်ဆီအပါအဝင် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချလျက်ရှိနေပါသည်။

**ပြည်သူများ ဆီစားသုံးသည့်ပမာဏကို စစ်တမ်းကောက်ယူကြည့်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အများဆုံးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးက အနည်းဆုံးဖြစ်ကြောင်းသိရှိရသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပမှ စားသုံးဆီလျှော့ချရေးတို့အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်ခြင်းအား ၂၀၂၂ ခုနှစ်မှစတင်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။** ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြဿနာများ မည်မျှပင်ဆိုးရွားနေစေကာမူ စာရေးသူတို့နိုင်ငံသည်ကား ရှောင်လွှဲမရသည့် တဒင်္ဂ သဘာဝဘေးဖြစ်စဉ်များကြုံရခြင်းမှအပ နွေ မိုး ဆောင်း ဥတုသုံးလီသာယာမျှတသည့် ရာသီများကို ပိုင်ဆိုင်လျက်ရှိနေပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်နိုင်ရန် နိုင်ငံ၏ ပထဝီအနေအထားက အခြေအနေကောင်းများစွာကို ဖန်တီးပေးထားလျက်ရှိ၏။

နိုင်ငံတော်အကြီးအကဲအနေဖြင့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အမြဲလမ်းညွှန်မှာကြားလျက်ရှိသည်ကိုတွေ့မြင်နေရပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) တွင် ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အမှာစကားပြောကြားရာ၌ “ **မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်စွာထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကိုပိုင်ဆိုင်ထားရှိသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး Food Security ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ဝင်ငွေကိုလည်း တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း”** မှာကြားခဲ့သကဲ့သို့ ဆီထွက်သီးနှံများနှင့်ပတ်သက်၍လည်း “ **မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့တင်ပို့နေခြင်းများလည်းရှိကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးနှင့် အချက်အလက်များ မှန်ကန်စွာရယူနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်အချက်(၄)ချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ ရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိအချိန်သည် စိုက်ပျိုးရေးလုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပငွေသုံးစွဲမှုများစွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားခဲ့ပါသည်။

မြန်မာနှစ်သစ်ကူးအခါသမယပြီးချိန်တွင် ပြည်သူတို့မျှော်သည့် မိုးနံ့လေးများရလာခဲ့သည်။ ထို့နောက်ပိုင်း ယနေ့ထိတိုင်အောင် ကြိုကြားကြိုကြား ဟိုသည်ကွက်ကြား မိုးကလှည့်ပတ်သွားပြီး ဖြိုးဖြိုးဖြောက်ဖြောက်ရွာလာခဲ့သည်။ ဟိုမှသည်ကွက်ကြားရွာရာမှ မကြာမီ တစ်ဆက်တည်းမှာပဲ မိုးကရောက်လာတော့မည်ဖြစ်သည်။ ယခုဆိုလျှင် ရွက်ကြွေရွက်ခြောက်တို့နေရာတွင် ရွက်နုစိမ်းများက ဝင်ရောက်ခဲ့ပြီဖြစ်သည်။ စိုက်ပျိုးမြေများ ထွန်ယက်မြေဆီကျွေးနိုင်ရန် မိုးကဖန်တီးပေးခဲ့ချေပြီ။ ထိုသည်ကို အခွင့်ကောင်းယူလျက် စိုက်ပျိုးရေးလုပ်ငန်းများ စတင်ပြင်ဆင်နိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းပင်ဖြစ်ပါသည်။ နွေရာသီပူလွန်းသည်၊ အပူလှိုင်းဖြတ်သည်မှာမှန်သော်လည်း ထိုအရာသည် တစ်သမတ်တည်းဖြစ်ပေါ်နေမည် မဟုတ်သောကြောင့် အပူရှောင်ရင်း စိုက်ပျိုးရမည့်အချိန်တွင် မည်သည့်မျိုး၊ မည်သည့်နည်းဖြင့် စိုက်မည်ပျိုးမည် ဟူသောအတွေးများ ကြိုတင်ကြံဆနေရပါမည်။

**ပူလွန်းသောနွေရက်များ မကြာမီကုန်ဆုံးပြီး မိုးစက်မိုးပေါက်တို့ ဖြိုင်ဖြိုင်ရောက်လာပါတော့မည်။ မိုးလွန်မှ ထွန်ချမဖြစ်ရလေအောင် စီမံထားပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ မကြာခဏတိုက်တွန်းမှာကြားလေ့ရှိသည့် “မျိုး၊ မြေ၊ရေ၊ နည်း ” စသည့် နည်းလမ်းများအတိုင်း ဒေသနှင့်ကိုက်ညီမှုရှိသည့် ဆီထွက်သီးနှံများကို လိုလျှင် ကြံဆနည်းလမ်းရထုံးဖြင့် ဆောင်ရွက်နိုင်အောင် ကြိုးစားရမည်ဖြစ် . . .**

**ဆီထွက်သီးနှံများကိုစိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တိုးတက်လာစေမည်ဖြစ် . . .**

**ထို့ပြင် ပိုလျှံသည့်သီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ပြည်ပဝင်ငွေကိုပါတိုးပွားလာစေ . . .**

မည်သည့်သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း(၄) သွယ်ကို ပိုင်နိုင်စွာ သိကျွမ်းထားမှသာလျှင် ကောင်းမွန်သည့်အထွက်နှုန်းကိုရရှိမည်ဖြစ်၏။ ဆီထွက်သီးနှံများသာမက အခြားသောသီးနှံများသည် သူ့အရပ်သူ့ဒေသအလိုက်သာ ကိုက်ညီမှုရှိစွာ ဖြစ်ထွန်းလေ့ရှိ၏။ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်းတို့သည် မြန်မာနိုင်ငံဒေသအနှံ့ စိုက်ပျိုးနိုင်သော်လည်း ဆီအုန်းမှာမူ တနင်္သာရီတိုင်းဒေသကြီးတွင်သာ ကောင်းစွာဖြစ်ထွန်းသည်ကိုတွေ့ရှိရ၏။ ဆီမုန်ညင်းမှာမူကား စိုက်ပျိုးသည့်အချိန်အခါနှင့် ဒေသလည်းရွေးသဖြင့် နယ်မြေမရွေး စိုက်ပျိုး၍မရပေ။ မည်သို့ပင် ဒေသကွဲပြားသည့် အပင်များဖြစ်စေကာမူ ရေဓာတ်မဖြစ်မနေလိုအပ်ကြ၏။ အစိုဓာတ်များခြင်း၊ နည်းခြင်းသာကွာခြားပြီး မျိုးစေ့အဖြစ်ဘဝနှင့် ပျိုးကြဲချိန်မှသည် အပင်ပေါက်ဘဝရောက်ဖို့ ရေလိုအပ်သည်သာဖြစ်သည်။ မျိုးစေ့ကောင်းလျှင်၊ မြေလည်းကောင်းလျှင်၊ ရေလည်းလိုအပ်သည့် အတိုင်းအတာပြည့်ဝစွာရလျှင်၊ စိုက်နည်းစနစ်များလည်းမှန်ကန်မည်ဆိုလျှင် တစ်ဧက ပန်းတိုင်အထွက်နှုန်းပြည့်ပြည့်ဝဝ **စာမျက်နှာ ၁၀ သို့** ♦

မုံရွာ မေ ၇

# မုံရွာမြို့တွင် ယာယီနေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာများထောက်ပံ့ပေး



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှဝယ်ယူခဲ့သည့် အရန်ဆန်အိတ်များအနက် မုံရွာခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်ခြင်းကို မေလ ၄ ရက်မှစတင်ပြီး မုံရွာမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ပေးအပ်လျက်ရှိရာ မေလ ၇ ရက်အထိ လူဦးရေ ၂၂၉၃ ဦးအတွက် စုစုပေါင်းဆန် ၂၁၄၉ အိတ်၊ ၁၆ ပြည်၊ လေးဘူးထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မုံရွာခရိုင် ဆန်လက်ခံဖြန့်ဖြူးရေးအဖွဲ့ထံမှ သိရသည်။

ရိက္ခာဆန်များ ထောက်ပံ့ပေးရာတွင် မုံရွာခရိုင် ဆန်လက်ခံဖြန့်ဖြူးရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနကိုယ်စားလှယ်တစ်ဦးချင်းအလိုက် ဝန်ထမ်းမှတ်ပုံတင်စိစစ်ရေးကတ်၊ နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်များဖြင့် တိုက်ဆိုင်စစ်ဆေးမှတ်တမ်းထားရှိခြင်း၊ နေ့စဉ်ခွဲဝေပြီးစီးမှုအခြေအနေများအား စာရင်းရှိ ထုတ်ဝေပြီးစီးမှု၊ လက်ကျန်စာရင်းရေးဆွဲ၍ စနစ်တကျထုတ်ပေးခဲ့ခြင်းဖြစ်သည်။

မုံရွာခရိုင်အတွင်း မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော် စသည့်လေးမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူ ၅၉၅၆ ဦးရှိသည့်အနက် ယာယီနေရပ်စွန့်ခွာသူဝန်ထမ်းနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၂၂၉၃ ဦးတို့အား တစ်ဦးလျှင် တစ်ရက်နို့ဆီဘူးနှစ်ဘူးနှုန်းဖြင့် သုံးလစာအား ပထမအကြိမ်စတင်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး မုံရွာမြို့ပေါ်အတွင်း သက်ဆိုင်ရာရပ်ကွက်များတွင် ကျန်ရှိသည့် ယာယီနေရပ်စွန့်ခွာသူ ၃၆၆၃ ဦးအတွက် ဆန်လက်ခံရရှိသည့်အခါ ဒုတိယအကြိမ်အဖြစ် မုံရွာခရိုင် ဆန်လက်ခံဖြန့်ဖြူးရေးအဖွဲ့မှ ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကျော်မိုးကို ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ကမ္ဘာ့ကြက်ခြေနီနေ့

World Red Cross Day

"လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး"

"Keeping Humanity Alive"

၂၀၂၄ ခုနှစ်၊ မေလ (၈) ရက်

နေပြည်တော် မေ ၇

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ **(မိုး/လေ)**

နေပြည်တော် မေ ၇

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းနိုင်




နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ယခုအခါ ပြည်သူများစာပေဖတ်ရှုလေ့လာစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းမီထားရှိပေးနိုင်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံ လိုအပ်နေသောနေရာများတွင် ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ရာ "ပညာဒါန"အလှူအဖြစ် လှူဒါန်းလိုပါက ဖော်ပြပါစာကြည့်တိုက်အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း (၁၅၀)ဖြင့် ဆောက်လုပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

❖ ညွှန်ကြားရေးမှူး(ထုတ်လုပ်)<br>ပြန်/ဆက်ဦးစီးဌာန<br>ဖုန်း-၀၁-၃၇၁၃၄၂ /၀၆၇-၃၄၁၂၃၇၁/ ၀၉-၄၂၀၀၄၆၇၁၅

❖ ညွှန်ကြားရေးမှူး(ပြန်ဆက်)<br>ပြန်/ဆက် ဦးစီးဌာန<br>ဖုန်း-၀၆၇-၃၄၁၂၁၆၄

❖ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**

♦ **စာမျက်နှာ ၉ မှအဆက်**

ထွက်ရှိမည်ဖြစ်ပေသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အဓိကဆီထွက်သီးနှံများဖြစ်ကြသည့် မြေပဲဧက ၃ ဒသမ ၁၆၄ သန်း၊ နှမ်းဧက ၃ ဒသမ ၇၅၆ သန်း၊ နေကြာဧက ၁ ဒသမ ၀၇၂ သန်း ၊ ပန်းနှမ်းဧက ၂၉၈၈၃၉ သန်း၊ ဆီမုန်ညင်း ၉၂၇၄၇ ဧက စုစုပေါင်းဆီထွက်သီးနှံ ဧက ၈ ဒသမ ၃၈၆ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး ၈ ဒသမ ၂၈၄ ဧက ရိတ်သိမ်းနိုင်ခဲ့သည်။ တင်းအရေအတွက်အားဖြင့် ၂၃၈ ဒသမ ၇၂၃ သန်းထွက်ရှိခဲ့သည်ကို မှတ်တမ်းပြုစုထားမှုများအရသိရှိရသည်။ သုတေသနပြုတွက်ချက်မှုများအရ မြန်မာနိုင်ငံ၏ လူဦးရေအချိုးနှင့် တစ်နေ့တာစားသုံးသင့်သည့် ဆီပမာဏအတိုင်းသာ သုံးစွဲကြမည်ဆိုလျှင် လုံလောက်မှုရှိရုံမျှမက ပိုလျှံမှုပင်ရှိသည်ကိုတွေ့ရသည်။ ၂၀၂၁ ခုနှစ်တွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု ၃၉၄၅ စု၏ မှတ်တမ်းများအရ ပြည်ပမှတင်သွင်းသည့် ဟင်းသီးဟင်းရွက်ဆီသုံးစွဲမှု ၂၉ ဒသမ ၃၆ ရာခိုင်နှုန်း၊ မြေပဲဆီသုံးစွဲသူ ၂၆ ဒသမ ၃၆ ရာခိုင်နှုန်း၊ စပ်ဆီ ၁၃ ဒသမ ၀၈ ရာခိုင်နှုန်း၊ စားအုန်းဆီ ၁၂ ဒသမ ၅၀ ရာခိုင်နှုန်း၊ နှမ်းဆီ ၇ ဒသမ ၉၁ ရာခိုင်နှုန်း စသဖြင့် မှတ်သားခဲ့ရပါသည်။

ဆီကိုစားလို့ အသားမဖြစ်သည်မှာ မှန်သောစကားပင်ဖြစ်ပါသည်။ တန်ဆေးလွန်ဘေးဖြစ်၏။ ဆီပါသင့်ပါထိုက်သည့်ဟင်းခွက်တွင် ဆီပါရမည်ဖြစ်သော်လည်း လွန်ကဲစွာစားသုံးသည့်အလေ့အထသည် အိမ်မှာနေလျက်နှင့် ရောဂါဝယ်ယူနေခြင်းပင်ဖြစ်၏။ စာရေးသူ၏ အဒေါ်တစ်ဦးမှာ ဆီအလွန်သုံး၏။ ဘာချက်ချက် ဆီဝင်းရုံမက ရွှဲနေသည်။ ဆီများသောဟင်းခွက်များကိုကြည့်၍ ထမင်းစားချင်စိတ်ပင်ပျောက်ရသည်။ အဒေါ်ဖြစ်သူ၏အမေ( စာရေးသူ၏အဘွား) ကျတော့ ဟင်းချက်လျှင် ဆီသုံးခဲ၏။ ဘာချက်ချက် ဆီကိုပါရုံသာထည့်ချက်သည်။ အချို့ဟင်းရည်သောက်များဆို ဆီပင်မထည့်။ အဘွားလက်ရာများဆို စာရေးသူတို့မြေးတစ်စု အသားငါးဟင်းတို့မပါသည့်တိုင် ခံတွင်းမြိန်ကြ၏။ ဆီကို စိတ်ကြိုက်မစားဘဲ ကျန်းမာရေးကောင်းအောင်နေထိုင်ခဲ့သည့်အတွက် အဘွားသည် ၂၀၂၃ ခုနှစ် အသက် ၉၀ နားနီးမှ ဆုံးပါးခဲ့သည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါလျှင် ပူလွန်းသောနွေရက်များ မကြာမီကုန်ဆုံးပြီး မိုးစက်မိုးပေါက်တို့ ဖြိုင်ဖြိုင်ရောက်လာပါတော့မည်။ မိုးလွန်မှ ထွန်ချမဖြစ်ရလေအောင် စီမံထားပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ မကြာခဏတိုက်တွန်းမှာကြားလေ့ရှိသည့် **" မျိုး၊ မြေ၊ ရေ၊ နည်း "** စသည့်နည်းလမ်းများအတိုင်း ဒေသနှင့်ကိုက်ညီမှုရှိသည့် ဆီထွက်သီးနှံများကို လိုလျှင်ကြံဆနည်းလမ်းရထုံးဖြင့် ဆောင်ရွက်နိုင်အောင် ကြိုးစားရမည်ဖြစ်ပေသည်။ ဆီထွက်သီးနှံများကို စိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တိုးတက်လာစေမည်ဖြစ်သည်။ ထို့ပြင် ပိုလျှံသည့်သီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ ပြည်ပဝင်ငွေကိုပါတိုးပွားလာစေမည်။ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကိုလည်း လျှော့ချနိုင်ပေမည်။ တောင်သူများအား ဆီထွက်သီးနှံစိုက်ပျိုးနည်းစနစ်ကောင်းများကို အနီးကပ်သင်ကြားပေးခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်လာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ တိုးတက်မြင့်မားလာခြင်း အကျိုးကျေးဇူးကောင်းများကိုလည်း မလွဲမသွေရရှိလာကြပေမည်။ မလိုသောမီးကိုပိတ်ခြင်းဖြင့် ကောင်းကျိုးအဖြာဖြာရစေသကဲ့သို့ မလိုအပ်သောဆီစားသုံးမှုများပြားခြင်းကို တစ်ဦးချင်းစီမှ အသိကိုသတိကပ်လျက် ထိန်းသိမ်းကြမည်ဆိုလျှင် သက်ရှည်ကျန်းမာခြင်းအကျိုးရလဒ်ကို လက်ငင်းခံစားကြရပေမည်။ တစ်ဆက်တည်းမှာပဲ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရခြင်း၏အရေးပါမှုကို သိမြင်နားလည်ကြကာ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ကြခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြဋ္ဌာန်းထားသည့် ဦးတည်ချက်(၉) ရပ်မှ **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ဟူသည့် ဦးတည်ချက်ကို ဝိုင်းဝန်းအကောင်အထည်ဖော်နိုင်သူများဖြစ်အောင် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နေပြည်တော် မေ ၇

# ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အဂတိတရားကင်းစင်စွာ အများပြည်သူအကျိုး ရှေးရှုဆောင်ရွက်စေလို

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဟန့်တားလျက်ရှိသည့်အတွက် နိုင်ငံတော်အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းဖော်ဆောင်နိုင်ရန် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း ဝန်ထမ်းများအား အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို သိရှိရှောင်ကြဉ်နိုင်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် များစွာအားရမိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အဂတိတရားကင်းစင်စွာ အများပြည်သူအကျိုး ရှေးရှုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုကိုလက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းဖန်တီးဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် မိမိအားပေးအပ်ထားသည့်ရာထူး၊ လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းဖြစ်သည့်အတွက် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းပင်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့်အပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကိုပါ ဆိုးကျိုးသက်ရောက်စေပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုအသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း ဟူသည့်ကဏ္ဍ(၃)ရပ်ချမှတ်၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က တိုင်ကြားစာကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၇

# ပညာရေးညီလာခံ(၂၀၂၄)ကို ယခင်နှစ်ကဲ့သို့ သိုက်သိုက်ဝန်းဝန်းဖြင့် ပြီးမြောက်အောင်မြင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကျင်းပရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် ပညာရေးညီလာခံ (၂၀၂၄) ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်အစည်းအဝေးတွင် ညီလာခံဦးတည်ချက် (Main Theme)အတွက် အဆိုပြုခေါင်းစဉ်သုံးခုကို ရွေးချယ်ခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဧပြီလ ၃၀ ရက်တွင် ကျင်းပသည့် အခြေခံပညာ Grade-12 နှင့် အဆင့်မြင့်ပညာ (တက္ကသိုလ်)သင်ရိုးများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ၌ **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ခေါင်းစဉ်ကို ရွေးချယ်အတည်ပြုပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ကဏ္ဍ ၆ ရပ်အတွက် စာတမ်းခေါင်းစဉ်နှင့် စာတမ်းအကျဉ်းချုပ်များကိုလည်း ရရှိပြီးဖြစ်ပါကြောင်း၊ ပေးပို့လာသည့်စာတမ်း ခေါင်းစဉ်များအပေါ် ပြင်ဆင်ဖြည့်စွက်ကာ လိုအပ်သည်များကို ဆွေးနွေးပေးကြစေလိုပါကြောင်း၊ တစ်နှစ်တာ ရေတို၊ ရေရှည် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ညီလာခံတွင်တင်ပြမည့် Format သတ်မှတ်ရန်နှင့် ပြခန်းများ ပြသရေးဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြုပြီးနောက် ကျင်းပရေးစီမံချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လမ်းညွှန်မှုခံယူတင်ပြသွားမည်ဖြစ်ပါကြောင်း၊ စီမံချက်ခွင့်ပြုချက်ရပြီးသည့်အခါ ဦးစီးကော်မတီအစည်းအဝေး ကျင်းပရန်ရှိပါကြောင်း၊ ပညာရေးညီလာခံ(၂၀၂၄)ကို ယခင်နှစ်ကဲ့သို့ သိုက်သိုက်ဝန်းဝန်းဖြင့် ပြီးမြောက်အောင်မြင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်းပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ညီလာခံရည်ရွယ်ချက်၊ ပြခန်းအရွယ်အစားအရေအတွက်နှင့်၊ စာတမ်းခေါင်းစဉ် ၃၆ ခုနှင့် ၂၀၂၃ ခုနှစ် ညီလာခံ ရှေ့လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ တင်ပြရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးဆုံးဖြတ်ပေးနိုင်ရန် တင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဖတ်ကြားမည့် စာတမ်းခေါင်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ညီလာခံဦးတည်ချက်နှင့် ဆွေးနွေးသင့်သည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြကာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ညှိနှိုင်းအစည်းအဝေး အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

မော်လမြိုင် မေ ၇

# ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိ



မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းကြောင့် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများ မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ဓမ္မသကျေးရွာ၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ကျေးရွာအတွင်း ပျက်စီးယိုယွင်းခဲ့သော နေအိမ်အဆောက်အအုံများအား အရေးကြီးသည့်အမိုးအကာများဖြင့် လုံခြုံစွာပြန်လည်နေထိုင်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့် လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ပေးကြရန်နှင့် ပြည်နယ်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မော်လမြိုင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဓမ္မသကျေးရွာနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက ဓမ္မသကျေးရွာရှိ နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဓမ္မသကျေးရွာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

နေပြည်တော် မေ ၇

# ကော့သောင်းမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်တာဝန်ရှိသူများက ကော့သောင်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် မေ ၇

# သင်တန်းသားများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြု EV နည်းပညာရှင်များဖြစ်စေရေး ရည်မှန်းချက်ထားကာ ကြိုးပမ်းလေ့ကျင့်ကြရန်လိုအပ်



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီမှချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle၊ EV) ကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် TTTC(ဘယ်လင်း)၌ကျင်းပသည့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၁/ ၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက **နိုင်ငံတော်တွင် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဖောက်ပြန်မှုလျှော့ချနိုင်ရေး၊ ကာဗွန်ကင်းစင်ရေး၊ ရုပ်ကြွင်းလောင်စာအသုံးပြုမှုများမှသက်ရောက်မှုများကို လျှော့ချနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေး၊ စက်သုံးဆီအသုံးစရိတ် လျှော့ချနိုင်ရေး၊ လေထုအရည်အသွေးများကို မြှင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသောလေထုမှတစ်ဆင့် ကျန်းမာရေးကောင်းမွန်စေသည့် ဆုလာဘ်များကိုပါရရှိရေးတို့အတွက် EV ကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်မီသော EV နည်းပညာရှင်များကို ပျိုးထောင်ပေးရန်လည်းလိုအပ်သဖြင့် ဤသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြု EV နည်းပညာရှင်များဖြစ်စေရေး ရည်မှန်းချက်ထားကာ ကြိုးပမ်းလေ့ကျင့်ကြရန်လိုအပ်ကြောင်း** တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး EV အလုပ်ရုံတွင် အဆင့်မြင့်သင်ထောက်ကူပစ္စည်းများဖြင့် သင်တန်းသားများ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ လျှပ်စစ်ကား၏ ဗို့အားမြင့်မောင်းနှင်ခြင်းစနစ်၊ Battery နည်းပညာ၊ ထိန်းချုပ်မှုစနစ်များ၊ Special Hand Tools၊ လျှပ်စစ်သုံးယာဉ်စနစ်တစ်ခုလုံးအတွက် ပြစ်ချက်ရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ Traction Battery ကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်းနှင့်စမ်းသပ်ခြင်း၊ Electrical Power Train စနစ်ကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ အကြောင်းအရာများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာအထက်တန်းကျောင်း GTHS (ကျောက်ဆည်)သို့ ရောက်ရှိပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနတို့နှင့် ဒုတိယအကြိမ်မြောက် ပူးပေါင်းဖွင့်လှစ်သည့် အခြေခံလျှပ်စစ် သံဂဟေဆက်နည်းပညာသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းများ၏ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံများတွင် သင်တန်းသားများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါသင်တန်းများကို ဒေသတွင်း MSME လုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန်၊ ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာများမြင့်မားလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များဘဝရပ်တည်ချက်ခိုင်မာစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိနိုင်ရန်နှင့် နိုင်ငံတော်က အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာစေရန်တို့အတွက်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် နွေရာသီကျောင်းပိတ်ရက်ကာလဖြစ်၍ ကျောင်းသားများ စုစုပေါင်းသင်တန်းသား ၅၀ ခန့် တက်ရောက်ကြကြောင်းနှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသောသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားရန်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုဆောင်းပါး

# လူသားချင်းစာနာမှုအစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ကမ္ဘာတစ်ဝန်းတွင် စစ်မြေပြင်၌ ထိခိုက်ဒဏ်ရာရရှိခံစားနေရသည့် စစ်သည်များနှင့် အရေးပေါ်အကူအညီလိုအပ်နေသူများကို နေရာမရွေး၊ အချိန်မရွေး၊ လူတန်းစားမရွေးဘဲ ဆေးဝါးကုသမှု၊ ကူညီစောင့်ရှောက်မှုများ ပေးနေသောအဖွဲ့အစည်းတစ်ရပ်ရှိလေသည်။ ထိုအဖွဲ့အစည်းကြီးကား အခြားမဟုတ်ချေ။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးပင်ဖြစ်သည်။ နှစ်စဉ်မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ အများအကျိုးကို အနစ်နာခံသယ်ပိုးလိုသည့် လူမှုကရုဏာရှင်များကိုဂုဏ်ပြုသောအားဖြင့် ထိုနေ့ကို သတ်မှတ်ထားခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်သည် "လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး" "Keeping Humanity Alive" ဖြစ်သည်။ လူသားများ၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းနိုင်ရေး ဒုက္ခရောက်နေသူများကို သက်သာရာရစေမည့် ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုများနှင့် ကတိကဝတ်များကိုသတိပေးသည့် နှိုးဆော်ချက်ပင်ဖြစ်သည်။ အထူးသဖြင့် ဝေးလံခေါင်းပါးပြီး သွားလာရခက်ခဲသည့်ဒေသများတွင် ဆိုးရွားသောအခြေအနေများရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများကူညီစောင့်ရှောက်သွားရေးပင်ဖြစ်သည်။

**ကြက်ခြေနီအဖွဲ့၏ဖခင်**

၁၉ ရာစုအလယ်ပိုင်းကာလအထိ စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအား ကယ်ဆယ်နေရာချထားရေးနှင့် ဆေးဝါးစောင့်ရှောက်မှုပေးမည့် စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်မျှမရှိခဲ့ချေ။ ၁၈၅၉ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် ဟင်နရီဒူးနန့်သည် စီးပွားရေးကိစ္စဖြင့် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံအား တွေ့ဆုံရန် အီတလီသို့သွားရောက်စဉ် ဆိုဖာရီနိုမြို့ကလေးသို့ရောက်ရှိခဲ့သည်။ ထိုစဉ်က ၎င်းမြို့လေးတွင် ပြင်သစ်တပ်များနှင့် ဩစတြီးယားတပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာတစ်နေ့တည်း၌ပင် နှစ်ဖက်စလုံးမှ သေကျေ၊ ဒဏ်ရာရရှိသူ စစ်သည် ၄၀၀၀၀ ကျော်ရှိခဲ့သည်။ မည်သည့်အဖွဲ့အစည်းကမျှ ဒဏ်ရာရ လူနာများကို ဆေးဝါးစောင့်ရှောက်မှုမပေးဘဲ လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာပစ်ထားခဲ့ကြသည်။

ဟင်နရီဒူးနန့်သည် ထိုမြင်ကွင်းကိုတွေ့ရှိပြီးနောက် တုန်လှုပ်ချောက်ချားခဲ့သည်။ ၎င်း၏မူလစီးပွားရေးကိစ္စကိုစွန့်လွှတ်ပြီး စစ်မြေပြင်တွင်ဒဏ်ရာရရှိသူများအား ဆေးဝါးစောင့်ရှောက်မှုပေးခဲ့သည်။ ဒေသခံများကိုလည်း ဒဏ်ရာရရှိသူများအား ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ဆေးဝါးစောင့်ရှောက်မှုပေးရန် စည်းရုံးဆောင်ရွက်ခဲ့သည်။ ဒူးနန့်သည် ဆွစ်ဇာလန်သို့ ရောက်ရှိပြီးနောက် ၁၈၆၂ ခုနှစ်တွင် တိုက်ပွဲ အတွေ့အကြုံကို "ဆိုဖာရီနိုအောက်မေ့ဖွယ်" (A Memory of Solferino)အမည်ဖြင့်စာအုပ်ထုတ်ခဲ့သည်။

ထိုစာအုပ်ကို ဥရောပတစ်ဝန်းရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် စစ်ဘက်ခေါင်းဆောင်များထံ ပေးပို့ခဲ့သည်။ ၎င်းသည် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအား ဆေးဝါးစောင့်ရှောက်မှုပေးမည့် နိုင်ငံအဆင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေး တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထို့ပြင် စစ်မြေပြင်တွင် ဒဏ်ရာရရှိကြသည့် စစ်သည်များအား ဆေးဝါးစောင့်ရှောက်မှုပေးကြမည့် စေတနာရှင်ဆေးတပ်သားများ



**ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို လူမျိုးခွဲခြားမှုမရှိဘဲ ကြားနေအဖွဲ့အစည်းတစ်ခုအဖြစ် လွတ်လပ်တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်အထိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာမှ စေတနာ့ဝန်ထမ်းများစွာသည် လူမှုရေးအကျိုးပြုလုပ်ငန်းများအား တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိ . . .**

နှင့် စစ်မြေပြင်ဆေးရုံများကို အကာအကွယ်ပေးမည့်နိုင်ငံတကာစာချုပ်၊ စာတမ်းများချုပ်ဆိုထားရေးကိုလည်း နိုင်ငံတကာသို့တောင်းဆိုခဲ့သည်။

**ကမ္ဘာ့ကြက်ခြေနီနေ့စတင်ကျင်းပ**

ဟင်နရီဒူးနန့်၏ကြိုးပမ်းမှုကြောင့် ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင်ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ကျင်းပနိုင်ခဲ့သည်။

၁၈၂၈ ခုနှစ် မေလ ၈ ရက်နေ့တွင် မွေးဖွားခဲ့သည့် ဟင်နရီဒူးနန့်ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်မေလ ၈ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများစည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မေလ ၈ ရက်နေ့ ရောက်ရှိတိုင်း ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ဂုဏ်ပြုကျင်းပလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မွန်မြတ်လှသည့် ကြက်ခြေနီလူမှုကရုဏာလှုပ်ရှားမှုများနှင့် အဆိုပါလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြသည့် စေတနာလုပ်အားရှင်များကိုဂုဏ်ပြုခြင်းပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြည်သူအများစုသည် ကြက်ခြေနီနေ့ကို သွေးလှူဒါန်း၍ ဂုဏ်ပြုလေ့ရှိသည်။ ထိုနေ့တွင် ပရဟိတလုပ်ငန်းများ၊ ကောင်းမှုကုသိုလ်များပြုလုပ်ခြင်းဖြင့် ဖြတ်သန်းကြသည်။

အောက်ခံအဖြူရောင်ပေါ်တွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပါသော ကြက်ခြေနီ အလံသည် မြင်ရ၊ တွေ့ရသူတိုင်း၏ရင်ကိုအေးမြစေသည်။ စစ်ပွဲများတွင် ကြက်ခြေနီအလံလွှင့်ထားသော ဆေးရုံများနှင့်ယာဉ်များကို ပစ်ခတ်တိုက်ခိုက်ခြင်း မျိုးမှရှောင်ကြဉ်ကြရသည်။ ကြက်ခြေနီတံဆိပ်ပါသော အင်္ကျီဝတ်ဆင်ထားသူများကိုလည်း ပစ်ခတ်ခြင်း မပြုရပေ။ ကြက်ခြေနီတပ်ဖွဲ့၏အဓိကရည်မှန်းချက်များသည် စစ်မြေပြင်တွင်ဒဏ်ရာရစစ်သည်များကို အရေးပေါ်ဆေးဝါးစောင့်ရှောက်မှုပေးရန်၊ ဒဏ်ရာရရှိထားသော စစ်သည်များအားရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ပေးရန်နှင့်စစ်မြေပြင်တွင် စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် ကူညီစောင့်ရှောက်မှုများပေးသွားရန်ဖြစ်သည်။

**အကျိုးပြုလုပ်ငန်းများစွာ**

စေတနာရှင်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏တာဝန်များတွင်ရှေးဦးသူနာပြုစုခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဒဏ် ခံစားနေရသူများအား ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ဒုက္ခသည်များအား ကူညီခြင်း၊ မိသားစုများနှင့် ခွဲခွာနေရသူများအား ပြန်လည်ပေါင်းစည်းနိုင်အောင်ကူညီခြင်း၊ စစ်ပွဲကာလတွင် ဒဏ်ရာရရှိသူများကို ကူညီခြင်း၊ စစ်သုံ့ပန်းများအားကူညီစောင့်ရှောက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်းပြည်သူများကို ကာကွယ်စောင့်ရှောက်ကူညီခြင်း စသည်ဖြင့် များပြားလှသော ပရဟိတလုပ်ငန်းများပါဝင်ပေသည်။

ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို လူမျိုးခွဲခြားမှုမရှိဘဲ ကြားနေအဖွဲ့အစည်းတစ်ခုအဖြစ် လွတ်လပ်တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်အထိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာမှ စေတနာ့ဝန်ထမ်းများစွာသည် လူမှုရေးအကျိုးပြုလုပ်ငန်းများအား တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပေသည်။ ဟင်နရီဒူးနန့် စတင်တည်ထောင်ခဲ့သည့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့အစည်းကြီးသည် ကမ္ဘာ့လူသားများအားလုံး၏အကျိုးအတွက် ကိုယ်ကျိုးမဖက်ဆက်လက်သယ်ပိုးဆောင်ရွက်လျက်ရှိရာ ဂုဏ်ပြုထိုက်သော အဖွဲ့အစည်းကြီးတစ်ရပ်ပင်ဖြစ်ပေသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင်စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံကြက်ခြေနီအသင်း၏အဖွဲ့ခွဲတစ်ခုအဖြစ်သာ စတင်ခဲ့ရသည်။ နိုင်ငံတကာကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီဥပဒေပြဋ္ဌာန်းနိုင်ခဲ့ပြီး ကြက်ခြေနီလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်း လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအနေဖြင့် စံပြကြက်ခြေနီစခန်းများဖွင့်လှစ်ဂုဏ်ပြုသည့် အစီအစဉ်ကို ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး စံပြကြက်ခြေနီစခန်း ၁၇ ကြိမ်၊ စံပြကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်ပေါင်း ၃၃၇၉ ဦးရှိခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထူးချွန်ကြက်ခြေနီစခန်း ၂၁ ကြိမ်၊ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ် ၃၂၃၇ ဦးရှိခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် သမိုင်းကြောင်းအစဉ်အလာကြီးမားသော အသင်းကြီးတစ်သင်းဖြစ်ပြီး မြန်မာနိုင်ငံ၏သမိုင်းကြောင်းတစ်လျှောက် ရင်ဆိုင်ဖြတ်သန်းခဲ့ရသော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ မီးဘေး၊ လေမုန်တိုင်းဘေး၊ ငလျင်ဘေးစသည့် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါတိုင်း နိုင်ငံတော်၏အရန်အင်အားအဖြစ် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ အဆင့်အတန်းမခွဲခြားဘဲ မိဘပြည်သူတစ်ရပ်လုံးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှကယ်တင်ကူညီစောင့်ရှောက်ခဲ့သည့် အသင်းကြီးပင်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် သဘာဝဘေးအန္တရာယ်များနှင့် အခြားသောအရေးပေါ်ကိစ္စရပ်များတွင် အမျိုးသားအဆင့်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များတွင်ပါဝင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးလုပ်ငန်းများနှင့် ရောဂါဘယကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားရာတွင်လည်း စွမ်းစွမ်းတမံပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေး၊ လူမှုကာကွယ်ရေးနှင့် သက်ဆိုင်သော အသိပညာပေးလုပ်ငန်းများတွင် ကျေးလက်ဒေသအထိ ပါဝင်ကူညီဆောင်ရွက်ခြင်း၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများလည်း လုပ်ဆောင်လျက်ရှိသည်။

**နိုင်ငံတကာမှအသိအမှတ်ပြု**

မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အသင်းကြီး၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နှစ်ကာလရှည်ကြာစွာ သယ်ပိုးဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၁၄ သို့** ♦

♦ စာမျက်နှာ ၁၃ မှအဆက်

ဒုက္ခရောက်နေသူ၊ အခက်အခဲရောက်နေသူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာမရွေး၊ အချိန်မရွေး၊ အယုတ်အလတ်အမြတ်မရွေး ကယ်တင်ကူညီစောင့်ရှောက်ခဲ့သည့် သာဓကများစွာရှိနေသည်။

ထိုသာဓကများအနက် ထင်ရှားသောစွမ်းဆောင်မှုများကြောင့် ၁၉၆၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်မှူးဒေါ်ခင်အုန်းမြအား ဖလောရင့်နိုက်တင်ဂေးဆုကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် ၁၉၇၇ ခုနှစ်တွင် ရူမေးနီးယားနိုင်ငံ ဘူခါရက်မြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီညီလာခံတွင် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်အား ဟင်နရီဒူးနန့်ဆုတံဆိပ် ချီးမြှင့်ပေးခဲ့သည်။ စိုင်းအောင်လှိုင်မြင့်သည် ဧရာဝတီမြစ်အတွင်း ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်မှုကြောင့် ရေနစ်နေသည့်ယာဉ်မောင်းတစ်ဦးကို သက်စွန့်ဆံဖျား ကယ်တင်ကာ ရှေးဦးသူနာပြုစုပေးခြင်းဖြင့် အသက်ကယ်တင်ခဲ့သူဖြစ်သည်။ အလားတူ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင် ဦးမိုးကျော်သန်းသည်လည်း ယာယီနေရပ်စွန့်ခွာပြည်သူများအား ကြက်ခြေနီအလံလွှင့်ထူထားသည့် မော်တော်ယာဉ်များနှင့် ကြက်ခြေနီဝတ်စုံဝတ်ဆင်ပြီး သွားရောက်ကယ်တင်နေစဉ် သောင်းကျန်းသူများ၏ပစ်ခတ်မှုကြောင့် ရရှိသည့်ဒဏ်ရာဖြင့် ကွယ်လွန်ခဲ့သည်။

**လူသားချင်းစာနာမှုအစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး**

မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် လူမှုကရုဏာလုပ်ငန်းများကို မွန်မြတ်သောစိတ်ထားဖြင့် အသက်ကိုပင်စွန့်လျက်ဆောင်ရွက်လျက်ရှိကြသည်။ ထိုအနစ်နာခံမှုများကို နိုင်ငံတကာကပင် အသိအမှတ်ပြုနေရပြီဖြစ်သည်။ ထိုသို့အနစ်နာခံသူများနှင့်ဖွဲ့စည်းထားသော ကြက်ခြေနီအသင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များတွင်အသီးသီး ဖွဲ့စည်းထားပြီးဖြစ်သည်။ အမှန်စင်စစ်မှာမူ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် တိုင်းပြည်၏အရန်အင်အားများပင်ဖြစ်သည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ရပိုင်ခွင့်တစ်ပြားတစ်ချပ်မျှမရှိဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အနစ်နာခံဆောင်ရွက်နေကြသူများဖြစ်ကြသဖြင့် လေးစားဂုဏ်ပြုထိုက်သောသူများဖြစ်ကြသည်။

ဆိုရလျှင် ဟင်နရီဒူးနန့်၏စွန့်လွှတ်အနစ်နာခံကြိုးပမ်းခဲ့မှုကြောင့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့အစည်းကြီးပေါ်ပေါက်လာခဲ့သည်။ ထိုအဖွဲ့အစည်းကြီးကို သဘာဝဘေးအန္တရာယ်မျိုးစုံ ကြုံတွေ့ရသည့်အချိန်တိုင်း လူသားတို့၏အသက်ကိုအန္တရာယ်အတွင်းမှ အချိန်မီကယ်တင်ရန်၊ အထူးသဖြင့် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုနည်းဖြင့် ကယ်တင်ရန်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည်လည်း အကူအညီလိုအပ်သူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာမရွေး၊ အချိန်မရွေး ကူညီစောင့်ရှောက်ပေးလျက်ရှိပေသည်။ အထူးသဖြင့် ပြည်သူလူထုအတွင်း လူမှုကရုဏာစေတနာရှင်၊ လုပ်အားရှင်စိတ်ဓာတ်များ တိုးတက်ထွန်းကားလာစေရေးနှင့်အသိပညာပြန့်ပွားရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုအကျိုးပြုလုပ်ငန်းများ၊ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားလိုက်ရပါသည်။ ။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## ဖက် နဲ့ ဘက်

ပစောက်နှင့် ပေါင်၊ ဘကုန်းဘောင်၊ မှန်အောင် မည်သို့ခွဲမည်နည်းဟူသောဆောင်းပါးတွင် ပေါင်နှင့် ဘောင် ရေးထုံးကို ရှင်းပြစဉ်က ပစောက်နှင့်ရေးသော **“ပေါင်”** ၌သာ အနက်ရှိ၍ ဘကုန်းနှင့်ရေးသော **“ဘောင်”** ၌ အနက်မရှိကြောင်းကို ရှင်းခဲ့ပါသည်။ ထို့မျှမက က၊ စ၊ တ၊ ပ ဟူသော ပထမက္ခရာ ၄ လုံးတို့နှင့် ခ၊ ဆ၊ ထ၊ ဖ ဟူသော ဒုတိယက္ခရာ ၄ လုံး၌သာအနက်ရှိ၍ ဂ၊ ဇ၊ ဒ၊ ဗ ဟူသော တတိယက္ခရာ ၄ လုံးနှင့်ဃ၊ ဈ၊ ဓ၊ ဘ ဟူသောစတုတ္ထက္ခရာ ၄ လုံးတို့၌ အနက်မရှိကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဖက်နှင့် ဘက်တို့တွင်လည်း **“ဖက်”** ၌သာ အနက်ရှိ၍ **“ဘက်”**၌ အနက်မရှိကြောင်း အထူးဖော်ပြရန် လိုတော့မည်မဟုတ်ပါ။

ဤတွင် ရှင်းလင်းရန်ကား ရှိပါသေးသည်။ အနက်မရှိဟုဆိုရာ၌ မြန်မာစာတွင် အသုံးပြုလျက်ရှိသော ကကြီးမှ အအထိ ၃၃ လုံးသော ဗျည်းအက္ခရာအားလုံးကို မဆိုလိုပါ။ ဗျည်းအက္ခရာအားလုံးအနက် အဝဂ်ဗျည်းအက္ခရာ ၈ လုံး၊ ဋွဝဂ်ဗျည်းအက္ခရာ ၅ လုံးတို့ကို ချန်လှပ်၍ ကဝဂ်၊ စဝဂ်၊ တဝဂ်၊ ပဝဂ်တို့မှလည်း ဝဂ္ဂန္တက္ခရာ ၅ လုံးကိုပါ ခြွင်း၍ ကဝဂ်၊ စဝဂ်၊ တဝဂ်၊ ပဝဂ်တို့မှ ပထမက္ခရာ ၄ လုံး၊ ဒုတိယက္ခရာ ၄ လုံး၊ တတိယက္ခရာ ၄ လုံး၊ စတုတ္ထက္ခရာ ၄ လုံးပေါင်း ၁၆ လုံးသော ဝဂ်ဗျည်းအက္ခရာများကိုသာ ရည်ညွှန်းခြင်းဖြစ်ပါသည်။

ဖက်နှင့် ဘက်တို့တွင် **“ဖက်”**၌သာ အနက်ရှိ၍ **“ဘက်”**၌ အနက်မရှိသည်မှာလည်း အငြင်းပွားဖွယ်မရှိပါ။ သို့ရာတွင် မြန်မာစာတွင် **“ဖက်”** ဟူသော စကားလုံးပါသည့် ဝေါဟာရများ၊ အရေးများသာမက **“ဘက်”** ဟူသော စကားလုံးပါသည့် ဝေါဟာရများ၊ အရေးများကိုလည်း တွေ့နေကြရပါသည်။ ထိုတွင် **“ဖက်”** ဟူသော စကားလုံးပါသည့် အရေးများသည် အနက်ရှိသည့် အတိုင်းရေးသည့် အနက်စွဲအရေးများဖြစ်ပြီး **“ဘက်”** ဟူသော စကားလုံးပါသည့် အရေးများကား အနက်မရှိသော်လည်း အဓိပ္ပာယ်ရှိသော အသံစွဲအရေးများဖြစ်ကြသည်။

ဗျည်းတစ်လုံးကို အနက်ရှိသော ဗျည်း ဟုတ်၊ မဟုတ် သိလိုပါက ထိုဗျည်းဖြင့် ကြိယာ သို့မဟုတ် နာမဝိသေသနတစ်ခုခု ပြုလုပ်ကြည့်နိုင်ပါသည်။ အနက်ရှိသော ဗျည်းဖြစ်မှသာ ကြိယာ သို့မဟုတ် နာမဝိသေသနပြုလုပ်၍ ရနိုင်ပါသည်။ အနက်မရှိသော ဗျည်းဖြစ်လျှင်မူ (ယေဘုယျအားဖြင့်) ကြိယာ သို့မဟုတ် နာမဝိသေသန ပြုလုပ်၍မရနိုင်ပါ။

သာဓကအားဖြင့် **“ဖ၊ ဖာ၊ ဖိ၊ ဖီ၊ ဖု၊ ဖူ၊ ဖေ၊ ဖဲ၊ ဖော၊ ဖော်၊ ဖံ၊ ဖား”** ဟူသော ဝေါဟာရများတွင် **“ဖ”** ဗျည်းကို သင်ရိုးသရ ၁၂ လုံးနှင့် တွဲစပ်၍ ကြိယာပြုလုပ်ထားသည်ကို တွေ့နိုင်ပါသည်။ ကာရန် ၆၄ ပါးနှင့် တွဲစပ်၍လည်း ကြိယာပြုလုပ်ကြည့်နိုင်ပါသည်။ မြန်မာစာတွင် အသုံးမတွင်သော၊ ရေးထုံးမရှိသော ဝေါဟာရများမှအပ အားလုံးသည်အနက်ရှိသော ဝေါဟာရများ၊ အနက်ရှိသော ကြိယာများဖြစ်ကြပါသည်။ သို့သော် **“ဘ”** ဗျည်းကို **“ဘ၊ ဘာ၊ ဘိ၊ ဘီ၊ ဘု၊ ဘူ၊ ဘေ၊ ဘဲ၊ ဘော၊ ဘော်၊ ဘံ၊ ဘား”** ဟူ၍ သင်ရိုးသရ ၁၂ လုံးနှင့် တွဲစပ်၍လည်း ကြိယာတစ်လုံးလုံးမရနိုင်ပါ။ ကာရန် ၆၄ ပါးနှင့် တွဲစပ်၍လည်း ကြိယာတစ်လုံးလုံး မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် **“ဘ”** ဗျည်းသည် အနက်မရှိသော ဗျည်းဖြစ်သောကြောင့် ဖြစ်ပါသည်။

ဖက် နှင့် ဘက်တွင်လည်း **“ဖက်”** ကိုသာ ကြိယာအဖြစ် သုံးနိုင်ပါသည်။ **“ဘက်”** ကို ကြိယာအဖြစ် မသုံးနိုင်ပါ။ **“ဖက်”** ၌သာ အနက်ရှိ၍ **“ဘက်”** ၌ အနက်မရှိပါ။ **“ဖက်”** ၏ အနက်ကို ဖော်ထုတ်သင့်ပါသည်။ **“ဖက်”** ၏အနက်ကို ကြံဆဖော်ထုတ်လိုလျှင် မသွေမလွဲယှဉ်တွဲကြံဆရမည့် စကားလုံးနှစ်လုံးမှာ “ဖ” နှင့် **“ဖက်”** ဖြစ်ပါသည်။ ထိုနှစ်လုံးတွင် **“ဖ”** သည် **“ဖက်”**၏ အခြေအမြစ်စကားလုံးဖြစ်သည်ဟု ဆိုရပါမည်။ **“ဖ”** နှင့် **“ဖက်”** သည် အခြေခံအနက်တူသော စကားလုံးများ ဖြစ်ပါသည်။ **“ပက်”** သည် **“ဖက်”** နှင့် သုဒ္ဓနက်၊ ကာရိုက်နက်အားဖြင့် ဆက်နွှယ်သော စကားလုံးဖြစ်သည်။

**“ဖ”** ၏ အနက်ကို **“ဖလှယ်”** ဟူသော ဝေါဟာရတွင် အထင်အရှား မြင်တွေ့နိုင်ပါသည်။ အပြန်အလှန်အားဖြင့် **“ပေါင်းစည်း၊ ဆက်စပ်”** သည့် အနက်ဖြစ်သည်။ ပစ္စည်းတစ်ခုခုကို အခြားပစ္စည်းတစ်ခုခုနှင့် **“ပေါင်းစည်း၊ ဆက်စပ်၊ တွဲဖက်၊ ယှဉ်ဖက်”** သည်ကိုပင် **“ဖသည်”** ဟူ၍လည်းကောင်း၊ **“ဖလှယ်သည်”** ဟူ၍လည်းကောင်း ဆိုပါသည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော ခရီးဆောင် မြန်မာအဘိဓာန်တွင် **“ဖ”**ကို **“လဲလှယ်သည်”** ဟုပင်အဓိပ္ပာယ်ဖွင့်ပြထားပါသည်။

**“ဖက်”** ၏ အနက်သည်လည်း **“ပေါင်းစည်း၊ ဆက်စပ်”** ပင်ဖြစ်သည်။ **“စုံဖက်၊ စွက်ဖက်၊ တွဲဖက်၊ ပိုက်ဖက်၊ ပေါင်းဖက်၊ ပွေ့ဖက်၊ ယှဉ်ဖက်၊ လိုက်ဖက်”** စသည့်ကြိယာများမှ “ဖက်”၏ အနက်၊ **“လင်စုံမယားဖက်၊ အဖော်အဖက်”** စသည့်နာမ်တို့မှ **“ဖက်”** ၏အနက်တို့သည် **“ပေါင်းစည်းဆက်စပ်”** အနက်များပင်ဖြစ်ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန် မေ ၇

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၅၈၆)ကြိမ်မြောက် ထုတီအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၈၆)ကြိမ်မြောက် ထုတီအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးလှမြင့်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတီအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ၂၀၂၄ ခုနှစ် မတ်လ ၁ ရက်မှ ဧပြီလ ၃၀ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၄၇ ဦးက ၃ ကျပ်သား ရွှေပြား ခုနစ်ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၅၃ ချပ် စုစုပေါင်းရွှေစင်ရွှေပြားအချပ် ၆၀ လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၆၃ ဦးအပါအဝင်လှူဒါန်းငွေစုစုပေါင်း ၂၃၁၆၅၀၉၅၅၇ ကျပ် (ကျပ်သိန်းပေါင်း နှစ်သောင်းသုံးထောင်တစ်ရာခြောက်ဆယ့်ငါးသိန်းကိုးထောင်ငါးရာငါးဆယ့်ခုနစ်ကျပ်တိတိ) ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**မြဝတီရုပ်မြင်သံကြား အစီအစဉ်**

၈-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇း၁၆ | မေတ္တာပို့ |
| ၃။ | ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၈း၄၅ | ဇာတ်လမ်းတို |
| ၅။ | ၁၀း၄၀ | စိုက်ပျိုးသုတ |
| ၆။ | ၁၂း၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၇။ | ၁၃း၁၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၆း၄၀ | သီချင်းလက်ဆောင် |
| ၉။ | ၁၆း၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၁၀။ | ၁၈း၄၀ | Music Gallery |
| ၁၁။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း - ငါ သူတစ်ပါး ယောကျ်ားမိန်းမ အပိုင်း(၃) ဇာတ်သိမ်းပိုင်း** |

နေပြည်တော် မေ ၇

# နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ ကုန်သွယ်ရေး ဇုန်/စခန်းတည်ဆောက်နိုင်မည့်အခြေအနေများအား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသို့ သုံးသပ်ပြုစုတင်ပြသွားမည်

ကုန်သွယ်ရေးဇုန်/စခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ တစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီးတည်ဆောက်နိုင်ရေးနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ် အစီရင်ခံရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီအနေဖြင့် လုပ်ငန်းတာဝန် (၄) ရပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လေ့လာသုံးသပ်အစီရင်ခံရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းတာဝန် (၆)ရပ်ရှိကြောင်း၊ လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာသုံးသပ်အစီရင်ခံရေး လုပ်ငန်းကော်မတီများ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နှင့် ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တို့တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအရ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာနများ၏သဘောထားမှတ်ချက်၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်လေ့လာသုံးသပ်အစီရင်ခံရေး လုပ်ငန်းကော်မတီ၏ သဘောထားမှတ်ချက်၊ ကုန်သွယ်ရေးဇုန်/စခန်းများ၏ မြေပြင်အနေအထား၊ နယ်မြေလုံခြုံရေးအခြေအနေ၊ ကုန်သွယ်မှုပမာဏ၊ တိုးချဲ့မြေနေရာရရှိနိုင်မှုစသည့် အခြေအနေအရပ်ရပ်အပေါ် ထည့်သွင်းစဉ်းစား၍ ပထမအဆင့်ဦးစားပေး၊ ဒုတိယအဆင့် ဦးစားပေး၊ တတိယအဆင့် ဦးစားပေးဟူ၍ ဦးစားပေးအဆင့်အလိုက် တည်ဆောက်ရမည့် ဇုန်/စခန်းများကို အပိုင်း (၃) ပိုင်း စိစစ်ဖော်ထုတ်ခဲ့ပါကြောင်း။



ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာသုံးသပ်အစီရင်ခံရေးလုပ်ငန်းကော်မတီများမှ ဆွေးနွေးတင်ပြချက်များအပေါ် စိစစ်သုံးသပ်ပြီး နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ ကုန်သွယ်ရေး ဇုန်/စခန်းတည်ဆောက်နိုင်မည့် အခြေအနေများအား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသို့သုံးသပ်ပြုစုတင်ပြသွားမည်ဖြစ်ကြောင်း၊ လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီဝင်ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာသုံးသပ်အစီရင်ခံရေးလုပ်ငန်းကော်မတီများအနေဖြင့် ကုန်သွယ်ရေးဇုန်/စခန်းများအား နယ်စပ်မျဉ်းအနီး အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသော ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ခြုံငုံသုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၇

# နိုင်ငံတော်က သက်ဆိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ပြန်လည်ထူထောင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လက်ရှိအခြေအနေတွင် ဆူပူအကြမ်းဖက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာသူများ ရှိနေပြီး ၎င်းတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေး အခက်အခဲများရှိနေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်စားသောက်ရေးအဆင်ပြေအောင် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း။

သို့သော် ကူညီထောက်ပံ့ပေးမှုများသည် ယာယီသာဖြစ်နိုင်ပြီး တည်ငြိမ်အေးချမ်းပြီး ကိုယ့်ဒေသကိုယ် ပြန်နိုင်သည့်အချိန်တွင် ပြန်ကြခြင်းဖြင့် အစစအရာရာအဆင်ပြေနိုင်ကြောင်း၊ နိုင်ငံတော်ကလည်း သက်ဆိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် လိုအပ်သည့် ပြန်လည်ထူထောင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကိုယ့်ဒေသကိုယ်အဆင်ပြေစွာ ပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေရပ် စွန့်ခွာသူများအနေဖြင့် ဌာနအလိုက် ဆောင်ရွက်ပေးနေမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး သင့်တော်သည့်အချိန်ကာလတွင် နေရပ်ပြန်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာသတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဆွေးနွေးချက်များကို အမျိုးသားအဆင့် ကော်မတီသို့ တင်ပြဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၇

# ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဥပဒေများစာအုပ်ထုတ်ဝေ

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ ပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲ စာအုပ်များပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သောဥပဒေများကိုစုစည်း၍ နှစ်အလိုက် ဥပဒေစာအုပ်များထုတ်ဝေခဲ့ပြီး ယခုအခါ ၂၀၂၃ ခုနှစ် ဥပဒေများစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

၂၀၂၃ ခုနှစ် ဥပဒေများစာအုပ်သည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဥပဒေပေါင်း ၅၆ ခု ပါဝင်သည်။

အဆိုပါ ၂၀၂၃ ခုနှစ် ဥပဒေများစာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေ ရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
က
ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော
**ဥပဒေများ**
**(၂၀၂၃ ခုနှစ်)**
ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ဝေသည်။
၂၀၂၃ ခုနှစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် မိုခါမုန်တိုင်းကျရောက်ချိန်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အကူအညီများပေးပို့ခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်စွာဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်မှုအပေါ် ခိုင်မာစွာရပ်တည်၍ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားမှု၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုအပါအဝင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲအတွေ့အကြုံမျှဝေလိုမှုအခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

**နေပြည်တော် မေ ၇**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် ၂၀၂၄ ခုနှစ်အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် ၂၀၂၄ ခုနှစ် (World Immunization Week) အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ညွှန်ကြားရေးမှူး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခဆရာဝန်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကာကွယ်ဆေးထိုးနှံမည့် ကလေးများနှင့်မိခင်များတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက **ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရေးရက်သတ္တပတ်အခမ်းအနား၏ ဆောင်ပုဒ်မှာ "ကလေးများအနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့်အသက်ကယ်စို့" ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုကိုလျှော့ချပြီး ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းဖြင့် ကလေးများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်**ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ကာကွယ်ဆေးအကြိမ်ပြည့်မထိုးနှံရသေးသည့် အသက် ၅ နှစ်အောက်ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။



ယမန်နေ့ နံနက်ပိုင်းက Public Transportation နှင့် နေပြည်တော်အတွင်း EV Bus ကားများပြေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က နိုင်ငံတော်အစိုးရအနေဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် နိုင်ငံခြားမှဝယ်ယူတင်သွင်းနေရသည့် လောင်စာဆီများလျှော့နည်းသက်သာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ လောင်စာဆီစွမ်းအားနှင့် အသုံးပြုနေသည့် မော်တော်ယာဉ်များအစား လျှပ်စစ်စွမ်းအားသုံးယာဉ်(EV)များကို အစားထိုးအသုံးပြုနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် နေပြည်တော်အတွင်းရှိ Public Transportation ဆောင်ရွက်နေသည့် လက်ရှိအခြေအနေများနှင့် လျှပ်စစ်စွမ်းအားသုံးယာဉ် EV Bus ကားများဖြင့် ပြေးဆွဲပေးနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က EV Bus မော်တော်ယာဉ်လိုင်းပြေးဆွဲရန် Pilot Project ရေးဆွဲခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန)တို့မှ တာဝန်ရှိသူများက နေပြည်တော်အတွင်းရှိ Public Transportation အတွက် လမ်းကြောင်းများလျာထားဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် လျှပ်စစ်သုံး EV Bus ကားများဖြင့် ပြေးဆွဲပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံ၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ နည်းပညာတက္ကသိုလ်၊ Naypyitaw State Academyတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် နေပြည်တော်ပညာရေးမှူးတို့က ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်၍ ပညာသင်ကြားနေမှုအခြေအနေများနှင့် ယာဉ်လိုင်းများပြေးဆွဲပေးရန် လိုအပ်မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

● ကျောဖုံးမှအဆက်

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော ပြိုင်ပွဲကိုကျင်းပပေးခြင်းဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဘော်လီဘောအားကစားသမားများ ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘောအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး စသည့်ရည်ရွယ်ချက်များကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများ ဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ထို့ပြင် အသင်းလိုက်အားကစားနည်းဆိုသော်လည်း တစ်ဦးချင်းထိုးဖောက်တတ်သည့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရမည်ဖြစ်သကဲ့သို့ မိမိအသင်းအောင်နိုင်ရေးအတွက်လည်း အသင်းဖော်များ၏အရည်အသွေးပေါ်လွင်အောင် ဖန်တီးပေးတတ်သူဖြစ်ရန်လည်း လိုအပ်သည့်အတွက် ဘက်စုံပြည့်စုံအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ပြိုင်ပွဲတွင် အနိုင်မခံ၊ အရှုံးမပေးဘဲ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံးပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေးစားလိုက်နာကြစေလိုကြောင်း၊ ပြိုင်ပွဲများကို ကြီးကြပ်ကြမည့် ဒိုင်လူကြီးများ အနေဖြင့်လည်း ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတစွာနှင့် တိကျစွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်ဖြစ်သည့် ဘော်လီဘောအမျိုးသားပြိုင်ပွဲ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို မေလ ၇ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့မှ အားကစားသမား စုစုပေါင်း ၃၉၉ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**







နေပြည်တော် မေ ၇

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း (၅၄၆)တွဲ ရောင်းချနိုင်ခဲ့



(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း (၄၅၅၀)ကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယနေ့တွင် ကျောက်စိမ်းအတွဲ(၉၅၀)ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း (၅၄၆)တွဲ ရောင်းချရကြောင်းကြေညာသည်။

ပြပွဲဆဋ္ဌမနေ့တွင်ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း (၉၅၀)ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင်ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား မေလ ၈ ရက် နံနက် ၈ နာရီတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသည့်ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေလ ၁၂ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် မေ ၇

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့်အနီးစပ်ဆုံးနေရာတွင် တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်း ပါဝင်သော ဂေါက်ကွင်းအဖြစ်အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင်မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း၊ ပြည်ပ ဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားသမား ဦးနိုင်ဝင်းသည် ကစားဖော်များဖြစ်သော ဦးကျော်ကံဦး၊ ဦးသန်းဝင်း၊ ဦးအောင်သန့်၊ ဦးခင်မောင်လွင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂၂)၌ Taylormade No.1 ဘောလုံးကို Taylormade No.8 တုတ်ဖြင့် ၁၄၆ ကိုက် အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားသည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ် တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့်ငါးကြိမ် လက်မှတ်များကိုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်း၌ Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၇၉)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားကြောင်း သတင်းရရှိသည်။ **(၅၀၀)**



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 7

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Cambodian Upper House Speaker Samdech Akka Moha Sena Padei Techo HUN SEN through video conferencing

This morning, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held talks with Cambodian Upper House Speaker Samdech Akka Moha Sena Padei Techo HUN SEN through video conferencing.

They exchanged greetings and discussed the positive relations between their countries. They talked about Cambodia's assistance during the COVID-19 outbreak and the Mocha storm in Myanmar, as well as Myanmar's active participation in the ASEAN group. They also discussed the State Administration Council's commitment to the five-point roadmap and its ongoing implementation. Additionally, they addressed preparations for a free and fair multi-party democratic general election, including the census of the population and household contents. They also discussed efforts to hold the election successfully in line with Myanmar's constitution (2008) and Cambodia's support in ASEAN. Moreover, Cambodia expressed its willingness to share its election experience.

Accompanying the Senior General at the meeting were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister, and Union Minister for Foreign Affairs U Than Swe, along with other officials.

100



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds discussions.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Cambodian Upper House Speaker Samdech Akka Moha Sena Padei Techo HUN SEN through video conferencing.

BUSINESS

# Demand for bell peppers low in the market

With the demand for bell peppers low in the market, the price is falling sharply in the source market, according to vegetable brokers' sales centres.

Despite increasing supply, demand in the market has been low.

"A viss of bell pepper has sharply dropped from Ks-6,800-Ks-7,000 to Ks-2,700-Ks-2,500. It is Aungban's market style. The reasons are rising supply and less buying," said an official from the Aungban wholesale centre.

The rise and fall of commodity prices usually happen before and after Thingyan, and while some crops are predictable, others are difficult to forecast under the current circumstances.

"It is normal for the price of some crops to go up and down during and after Thingyan," he said.

Primarily grown as a vegetable mixed with another in multiple cropping and locally called paprika or sweet pepper, it usually sells for a good price. Although bell pepper is a healthy produce to eat, its low heat and high water content make it susceptible to spoilage, so more precautions need to be taken with logistics and harvesting only when the heat of the sun is reduced.

SK

RENOVATION

# Task of cleaning the religious buildings in Bagan completed over 50 percent

"The task of cleaning the interiors and exteriors of religious buildings and statues within the Bagan Cultural Heritage Zone has been divided into 11 areas, with six areas already fully completed," said U Kyaw Myo Win, the Director of the Department of Archaeology and National Museum (Bagan Branch).

Cleaning around the ancient buildings and removing invasive plants from both the interiors and exteriors of the buildings and statues are measures taken to ensure the cleanliness and sustainability of the ancient structures within the Bagan Cultural Heritage Zone. The cultural heritage zone was initially divided into six areas for this project, but starting in the 2023–2024 financial year, it has expanded to operate in eleven areas.

"In the past financial year 2023-2024, cleaning and beautification works in areas (I, A, J, C, D, and E) and along roadsides have been fully completed. These areas contain 1,617 ancient religious buildings," U Kyaw Myo Win said.

"In executing this task, clearance of tree within the area 20 feet from the ancient temples, removal of plants growing on the upper part of the buildings, and cleaning the interiors of the temples are being undertaken, along with the removal of large plants growing near the ancient buildings. By doing this, you will be able to see the ancient buildings clearly and enjoy the beautiful scenery of the Bagan region. Additionally, the removal of plants near the ancient buildings will allow ample sunlight, reduce humidity, and promote drying. We are continuing to work on areas F, G, and H in the 2024-2025 financial year," he explained.



In addition to this, departmental staff assigned to specific areas have been carrying out daily cleaning tasks, along with collective cleaning in necessary areas, on a weekly basis. Similarly, social organizations are collaborating with the department to clean and beautify the Bagan heritage area. **SK**

AGRICULTURE

# More than 5,000 acres of winter sesame harvested in Mingin Township



The statistics of Mingin Township Agriculture Department indicated that a total of 5,341 acres of winter sesame plantations have been harvested in Mingin Township of Sagaing Region.

So far, local farmers have harvested 5,341 acres of winter sesame cultivated in February this year, yielding 12 baskets per acre.

"Local farmers cultivated 5,341 acres of winter sesame. So far, they have completed harvesting of sesame plantations. Our department rendered assistance for local farmers to expand sown acreage of sesame, boost per-acre yield of crop and use GAP system," said Daw Hay Marn Kyaw Win, Head of Mingin Township Agriculture Department.

Local farmers planted 5,341 acres of winter sesame, exceeding 442 acres of sesame more than the target of 4,899 earmarked acres in 2023-2024 financial year.

The crops planted in good agricultural practices can get better quality than other crops and good prices not only in domestic market but in foreign ones. So, local farmers have increased income from their crops. **SMK**

TOURISM

# New tour destination appears in Bago Region

The historic elephant enclosure from the Hanthawady era in Bago Township will be developed as a new tour destination, according to the Bago Region Government.

According to reports, the preservation process is underway for the ancient elephant enclosure, dating back to the Hanthawady era, where spikes and thorns have recently been discovered. Preparation for further excavation and research is currently ongoing.

In addition, the Bago Region Chief Minister instructed the maintenance of the ancient teak pillars within the elephant paddock and the systematic unearthing of the brick walls and entrance.

He also stressed the construction of an arena around the pachyderm enclosure, utilizing the evidence obtained from the excavation. Additionally, he proposed the creation of a small model museum dedicated to the elephant habitat and suggested designating it as a new tourist destination. He emphasized the need to coordinate with the Directorate of Hotels and Tourism to ensure convenient public access for visits. **SMK**

AGRICULTURE

# Farmers in Kalay Township finish harvesting of more than 2,500 acres of wheat

Harvesting has completed on 2,511 acres of wheat plantation in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.

Harvesting process started in February 2024, and so far, the farmers have completed harvesting of 2,511 acres of wheat plantation, yielding 16.69 baskets per acres.

"Our department gives help to local farmers in harvesting wheat plantations. We are striving for organizing local farmers to use quality strains of wheat to boost per-acre yield," said U Naing Tun Win, Head of Township Agriculture Department.

The township earmarked cultivation of 2,786 acres of wheat in winter of 2023-2024 financial year. Local farmers planted 2,511 acres of wheat from October to December 2023.

In 2022-2023 FY, local farmers cultivated 2,784 acres of wheat against the target of 2,786 acres. Staff members of the Township Agriculture Department assisted in cultivation of wheat for local farmers with agricultural techniques, urea fertilizer and quality strains of crops.

They have to spend some Ks-300,000 per acre of wheat. Wheat is planted in Mawlaik, Tamu, Kalay, Hkamti, Monywa, Yinmabin, Shwebo, Kanbalu, Sagaing and Katha districts and Naga Self-Administered Zone. Of them, Sagaing and Monywa districts plant largest areas of wheat. **SK**

CHINA

# China's Long March-6C carrier rocket successfully makes debut flight - state media

China's newest Long March-6C carrier rocket successfully made its first flight on Tuesday and delivered several satellites into orbit, the state-run China Central Television reported.

The rocket was launched at 11:21 local time (03:21 GMT) from the Taiyuan Satellite Launch Center, located in China's northern Shanxi Province.

Long March-6C is a two-stage-to-orbit liquid-fueled rocket carrier, which is planned to be used to perform launches to low-Earth and heliosynchronous orbits. The rocket has the height of 43 meters (141 feet) and the launch mass of about 215 tons. It can deliver a payload of up to 2.4 tons to a heliosynchronous orbit.

In February, the China Aerospace Science and Technology Corporation said that Beijing plans to make around 100 space launches in 2024, which will set a new record for the country.

**Sputnik**



China's Long March-6C carrier rocket successfully makes debut flight.

SINGAPORE

# Singapore reports decline in weekly dengue cases

Singapore registered 249 new dengue cases from April 28 to May 4, bringing the total number of dengue infections to 6,815, according to the latest data from the National Environment Agency (NEA).

It is the first time the weekly reported dengue cases have dropped below 300 in the city-state this year.

However, the NEA warned the public that infection risk remains alerting as residents' immunity to the dengue virus remains low.

**Xinhua**

ISRAEL

# IDF launches targeted operation in eastern region of Rafah in Gaza Strip

Israeli Defence Minister Yoav Gallant announced on Sunday that the Israel Defence Forces (IDF) were getting ready for a ground operation in the southern Gaza city of Rafah.

The Israeli armed forces have launched a targeted counter-terrorism operation in the eastern part of the Gazan city of Rafah, the Israel Defence Forces (IDF) said on Tuesday.

IDF troops have taken operational control of the Gazan side of the Rafah Border Crossing, the only crossing point between Egypt and the Gaza Strip. Both IDF ground troops and IAF fighter jets carried out strikes on Hamas targets in the Rafah area as part of the operation.

"Overnight (Monday), IDF ground troops began a precise counterterrorism operation based on IDF and ISA intelligence to eliminate Hamas terrorists and dismantle Hamas terrorist infrastructure within specific areas of eastern Rafah," the IDF wrote on Telegram.

Prior to starting the operation, the IDF had urged residents in the area of eastern Rafah to temporarily evacuate to the humanitarian area inAl-Mawasi. The location in question has been expanded to accommodate more tents, field hospitals, tents, and stocked with additional supplies of water, food, and medical provisions.

All humanitarian aid shipments to Gaza from Egypt through the Rafah crossing have been suspended, Israeli newspaper Haaretz reported.

**Sputnik**

CHINA

# France and China call for Palestinian state

China and France have called for the creation of an independent Palestinian state, according to a joint statement issued during Chinese leader Xi Jinping's two-day official visit with French President Emmanuel Macron in Paris.

The so-called two-state solution, a plan to create a Palestinian state within territory occupied by Israel since 1967, is supported by the UN and a raft of individual nations, including Israel's key ally the US. If implemented, it would likely require the Jewish state to remove its settlers from the occupied territories.

Macron and Xi have called for "a decisive and irreversible relaunch of a political process" to implement "the two-state solution with Jerusalem as their capital, and the creation of a viable, independent and sovereign Palestinian state on the basis of the 1967 lines," the joint statement reads.

The term "1967 lines" refers to Israel's borders as they stood before the Six-Day War fought that year against a coalition of Arab nations. As a result of the war, Israel occupied the West Bank, Gaza, and other areas. A return to these lines would see Israel withdraw from those areas, including East Jerusalem.

In February Israeli Prime Minister Benyamin Netanyahu said he would not be pressured into accepting a Palestinian state.

**RT**

PHILIPPINES

# 40 mln Filipinos have no access to potable water: gov't

At least 40 million people in the Philippines have no access to fresh or potable water, the Presidential Communications Office (PCO) said Tuesday.

Responding to the dire situation, Philippine President Ferdinand Romualdez Marcos ordered the government agencies to come up with concrete solutions to provide sufficient water supply to Filipinos deprived of potable water on Tuesday.

"Let's come up with a plan for the 40 million so that they have at least potable water to take in. We need to come up with a plan for the remaining 40 million who do not have an assured water supply -- a locally sourced water supply," the PCO said, quoting Marcos' order.

The PCO said Marcos stressed the need for the government to focus on the 40 million underserved Filipinos and to balance the water requirements for irrigation, household and industrial use.

Department of Environment and Natural Resources (DENR) Secretary Maria Antonia Yulo Loyzaga told Marcos that the 40 million residents who do not have enough access to water supply usually ride a motorbike to fetch water from the nearest island.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The Future of Online Learning



Examining the rise of online education, the article highlights its challenges and benefits while providing actionable steps for students to optimize their digital learning journey.

## The Dawn of Digital Education

The once novel term, "online learning," is now not just a component, but often the backbone of our academic pursuits. As we venture deeper into the 21st Century, the integration of technology into our education system is becoming increasingly common. But with these advancements, come both opportunities and challenges.

## The Double-Edged Sword of Online Learning

Information Overload: The expansive universe of online learning presents a paradox. While we have a wealth of information at our fingertips, distinguishing valuable insights from noise remains a challenge. As we embrace online learning, mastering the art of discernment becomes paramount.

The Distraction Dilemma: Online learning platforms share space with the very engines of modern-day distractions: social media, entertainment, and the allure of the wider web. Balancing the discipline of study with the pull of these diversions is a quintessential challenge of our age.

Walking the Plagiarism Tightrope: The vast digital repositories accessible to us can sometimes blur the boundaries of research and replication. Ensuring that our online learning doesn't morph into online copying is a crucial responsibility.

## The Silver Linings of Online Learning

Bespoke Learning Paths: Arguably the crown jewel of online learning is its ability to offer personalized experiences. AI-driven platforms now adapt to individual learners, tailoring content and pacing to fit unique needs.

A Classroom Without Borders: Thanks to online learning, our peers aren't just those sitting next to us but can be from any corner of the globe. This melting pot of cultures and ideas offers unparalleled enrichment.

Flexibility and Freedom: Gone are the strictures of fixed schedules. Online learning grants us the liberty to learn when we're most receptive, making education mold around our lives rather than the other way around.

## Harnessing Tech for Enhanced Online Learning: Practical Steps

1. Tech-Literate, Not Just Tech-Friendly: It's essential to understand the tools at our disposal. Familiarize yourself with various online learning platforms, explore their features, and choose what aligns with your learning style.
2. Time Management Apps: Leverage apps like Trello, Todoist, or Notion to structure your study sessions. These can help delineate study time from relaxation, ensuring you maximize the benefits of online learning.
3. Digital Note-Taking: Tools like Evernote or Microsoft OneNote allow for efficient note-taking, ensuring you retain more from your online sessions.
4. Virtual Study Groups: Use platforms like Zoom or Discord to create study groups. Discussing and teaching peers can solidify your understanding, making online learning more interactive and engaging.
5. Take Regular Breaks: The Pomodoro Technique, for example, can enhance productivity. Study for 25 minutes and then take a 5-minute break. Such practices can boost retention and reduce digital fatigue.
6. Maintain Digital Integrity: Use plagiarism checkers to review your assignments. These tools ensure that your work maintains originality and aligns with academic standards.
7. Engage in Online Workshops: Sites like Coursera or Udemy offer a plethora of courses beyond traditional academic subjects. Dive into these to expand your horizons and make the most of the digital learning era.
8. Filter Quality Content: With the avalanche of information, curate high-quality sources. Bookmark reliable websites, subscribe to educational YouTube channels, and follow academic journals pertinent to your field.
9. Set Digital Boundaries: Designate specific hours for non-academic activities. Be it social media or entertainment, compartmentalizing ensures you maintain focus during online learning sessions.
10. Feedback is Gold: Many AI-driven platforms evolve with feedback. If a lesson was too simple or complex, let the platform know. This will ensure future sessions are more in sync with your needs.

## Charting the Path Forward

As the spheres of technology and education continue to merge, we find ourselves at the frontier of a new era of learning. Online learning isn't merely an alternative; it's swiftly becoming the norm. As we navigate this brave new world, it's essential to harness technology's power mindfully, ensuring we extract its maximum potential while retaining our unique human touch. With the right tools, strategies, and mindset, the digital realm can become our academic playground, teeming with opportunities and growth. So, gear up, log in, and let's shape the future of learning together!

**Source; Youth Time Magazine**

## နိုင်ငံတကာစီးပွားရေးရပ်ဝန်း

ထက်မြက်

# အစ္စရေးကရာဖာကိုတိုက်ခိုက်မှုနှင့်အတူ ရေနံဈေးနှုန်းလည်းလိုက်ပါမြင့်တက်



အစ္စရေးနဲ့ဟားမတ်တို့ကြားမှာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှု ခေတ္တဆိုင်းငံ့သွားရတဲ့အချိန် မေလ ၇ ရက်မှာ အစ္စရေးက ဂါဇာရှိ ရာဖာကို တိုက်ခိုက်မှုလုပ်ဆောင်လိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ တစ်နေ့ရွှေ၊ တစ်နေ့ငွေလိုမျိုးဖြစ်နေရတဲ့ အရှေ့အလယ်ပိုင်းဒေသတင်းမာမှုတွေကလည်း ခန့်မှန်းလို့မရတဲ့အနေအထားဖြစ်လာပါတယ်။

ဒီအချိန်မှာ ကျွဲကူးရေပါဆိုသလိုမျိုး အချိန်နဲ့တစ်ပြေးညီ လိုက်ပါလာတဲ့အရာက ရေနံဈေးနှုန်းပါ။ အခုလည်း ရေနံဈေးနှုန်းက လိုက်ပါမြင့်တက်လာပြန်ပါပြီ။

မေလ ၇ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်မှာ ဘရန့်ရေနံစိမ်းက တစ်စည်ကို သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး ၈၃ ဒသမ ၅၄ ဒေါ်လာရှိလာပါတယ်။ WTI ရေနံစိမ်းကတော့ တစ်စည်ကို ၁ ရာခိုင်နှုန်းမြင့်တက်ပြီး ၇၈ ဒသမ ၄၉ ဒေါ်လာဖြစ်လာပါတယ်။

ဟားမတ်အဖွဲ့က မေလ ၆ ရက်မှာ ဂါဇာအပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်စေ့စပ်ပေးသူတွေဆီကနေ တောင်းဆိုမှုကို သဘောတူပေးလိုက်ပါတယ်။

ဒါပေမဲ့ အစ္စရေးကတော့ ဒီအချက်တွေဟာ သူတို့လိုချင်တဲ့စံနှုန်းတွေအတိုင်းမဟုတ်ဘူးဆိုပြီး ငြင်းဆိုကာ နောက်တစ်နေ့မှာပဲ ရာဖာမြို့ကို တိုက်ခိုက်မှုတွေလုပ်ဆောင်လာတာပါ။

တစ်ဖက်မှာလည်း အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုကို ဆက်လုပ်မယ်လို့ဆိုထားပြန်ပါတယ်။ မီးစတစ်ဖက်ရေမှုတ်တစ်ဖက် ပုံစံမျိုးပေါ့။

“အပစ်အခတ်ရပ်စဲရေးဆိုတာက ဖမ်းရခက်တဲ့ငါးရှဉ့်လိုပဲ။ ပင်လယ်နီဒေသအတွင်းမှာ ဟူသီသူပုန်တို့ရဲ့ ရန်ပြုတိုက်ခိုက်မှုတွေ ချုပ်ငြိမ်းပြီး စူးအက်တူးမြောင်းပြန်ပွင့်မလားဆိုတာကလည်း မေးခွန်းတစ်ရပ်အနေနဲ့သာရှိနေပါသေးတယ်။ တကယ်လို့များ ပင်လယ်နီမှာ တိုက်ခိုက်မှုတွေချုပ်ငြိမ်းပြီး စူးအက်တူးမြောင်းပြန်ပွင့်သွားရင်တော့ ဒေသတွင်းမှာ ရေနံတင်သင်္ဘောတွေဖြတ်သန်းသွားလာမှုအတွက် ကြုံရနိုင်တဲ့အန္တရာယ်တွေက သိသိသာသာကိုလျော့ကျသွားမှာပါ” လို့ ရေနံပွဲစားတစ်ဦးဖြစ်တဲ့ တားမတ်ဗာဂါကပြောပါတယ်။

တစ်ချိန်တည်းမှာပဲ ဒေါ်လာဈေးခိုင်မာလာခြင်းက တခြားသောငွေကြေးကိုင်တွယ်အသုံးပြုသူတွေအတွက် ရေနံစိမ်းက ပိုမိုဈေးကြီးလာဦးမှာပါ။

နောက်တစ်ခုက အမေရိကန်ရဲ့အရန်ရေနံစိမ်းပမာဏလျော့နည်းမှုပေါ့။ ဒီကိစ္စကိုလည်း ရေနံဈေးနှုန်းအတက်အကျအတွက် မေ့ထားလို့မရပါဘူး။

အမေရိကန်ရေနံစိမ်းနဲ့ရေနံထွက်ကုန်လက်ကျန်ပစ္စည်းတွေက နည်းပါးလာနေပြီလို့သိရပါတယ်။ ဘယ်လောက်ပမာဏအထိလဲဆိုရင် သီတင်းပတ်တစ်ပတ်အတွင်းမှာ စည်ပေါင်း ၁ ဒသမ ၂ သန်းအထိလျော့နည်းလာတာပါ။

အမေရိကန်မှာ အရန်ရေနံပမာဏနည်းပါးလာတဲ့အတွက် ဝယ်လိုအားလည်းမြင့်တက်လာနိုင်ပါတယ်။ လက်ရှိမှာ ရေနံထုတ်လုပ်တင်ပို့တဲ့ နိုင်ငံတွေကလည်း ဈေးကွက်ထဲကို ရေနံတင်ပို့မှုပမာဏကနည်းပါးနေပါတယ်။

ဆော်ဒီအာရေဗျက အာရှတိုက်၊ ဥရောပအနောက်မြောက်ပိုင်းနဲ့ မြေထဲပင်လယ်ဒေသမှာရှိတဲ့ သူ့ရဲ့ဖောက်သည်တွေကို ရေနံစိမ်းဈေးနှုန်း တရားဝင်တိုးမြှင့်ဖို့လုပ်ဆောင်လာမှုတွေကလည်း ရေနံဈေးနှုန်းမြင့်မားရတဲ့အကြောင်းရင်းတွေထဲက တစ်ချက်ဖြစ်ပါတယ်။

ဒီနှစ်နွေရာသီကာလမှာလည်း ရေနံဝယ်လိုအားက မြင့်တက်လာနိုင်တဲ့အတွက် ရေနံဈေးနှုန်းက လောလောဆယ်မှာတော့ ကျနိုင်မယ့်အနေအထားမရှိသေးပါဘူး။

***Ref: RTB***

# တစ်ရက်အနည်းဆုံးလုပ်အားခ ဘတ် ၄၀၀ ပေးဖို့စီစဉ်နေတဲ့ ထိုင်းအစိုးရ



ထိုင်းနိုင်ငံဟာ အရှေ့တောင်အာရှမှာ ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံပါ။ ဒါပေမဲ့ စားသုံးမှုနှုန်းထားက အနည်းငယ်လျော့ကျနေတဲ့အတွက် စီးပွားရေးအရထိခိုက်မှုတချို့ရှိနေပါတယ်။

ဒီအချိန်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဆရီသာထာဝီဆင်က အစီအစဉ်တစ်ခုကို ဖော်ဆောင်ဖို့ကြိုးပမ်းလာပါတယ်။ အဲဒါကတော့ တစ်ရက်အနည်းဆုံးလုပ်အားခကို ဘတ် ၄၀၀ အဖြစ်သတ်မှတ်ပေးဖို့ပါပဲ။

နိုင်ငံအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတော်တော်များများက တစ်ရက်အနည်းဆုံးလုပ်အားခတိုးမြှင့်တာနဲ့ပတ်သက်ပြီး ဖြစ်လာနိုင်တဲ့သက်ရောက်မှုတွေအပေါ် စိုးရိမ်မှုတွေလည်းရှိနေပါတယ်။

ဒါပေမဲ့ အခုလိုမျိုးတစ်ရက်အနည်းဆုံးလုပ်အားခကိုတိုးမြှင့်ရခြင်းက စီးပွားရေးတိုးတက်မှုအတွက် တွန်းအားတစ်ခုဖြစ်စေဖို့ဖြစ်တယ်လို့ ဝန်ကြီးချုပ်က တုံ့ပြန်ထားပါတယ်။

“ဒီလိုမျိုးတစ်ရက်အနည်းဆုံးလုပ်အားခတိုးမြှင့်ပေးရခြင်းက အောက်ခြေလူတန်းစားအလွှာတွေရဲ့ နေထိုင်ရှင်သန်မှုနဲ့ သက်ဆိုင်နေပါတယ်။ အဲဒီအောက်ခြေလူတန်းစားတွေဆိုတာက နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်အားတွေပါပဲ။ ဒါကြောင့် သူတို့ရဲ့ အသက်ရှင်သန်ရပ်တည်ရေးက အရေးကြီးပါတယ်” လို့ ဝန်ကြီးချုပ်က အစိုးရအဖွဲ့အစည်းအဝေးမှာ ပြောထားတာတွေ့ရပါတယ်။

ထိုင်းဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုး တစ်ရက်အနည်းဆုံးလုပ်အားခတိုးမြှင့်ပေးရခြင်းက သူ့ရဲ့ရွေးကောက်ပွဲကတိများအနက် တစ်ခုကိုဖြည့်ဆည်းပေးတာဖြစ်ပါတယ်။

သူက ၂၀၂၇ ခုနှစ်အရောက်မှာ တစ်ရက်အနည်းဆုံးလုပ်အားခကို ဘတ် ၆၀၀ အထိ တိုးမြှင့်ပေးသွားမယ်လို့ ရွေးကောက်ပွဲမဲဆွယ်ကာလတုန်းက ကတိပေးထားတာပါ။

ထိုင်းနိုင်ငံမှာ ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်းက တစ်ရက်အနည်းဆုံးလုပ်အားခကို ၁၀ ရာခိုင်နှုန်းသာတိုးမြှင့်ပေးခဲ့တာကို တွေ့ရပါတယ်။

ဒါပေမဲ့ ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနက ဝန်ကြီးချုပ်ရဲ့လုပ်ဆောင်မှုကို သဘောမတူထားပါဘူး။ ဒီလိုတိုးမြှင့်ပေးလိုက်ခြင်းက စီးပွားရေးနဲ့ယှဉ်ပြိုင်မှုအပေါ် သက်ရောက်မှုကြီးမားစေမယ်လို့ဆိုပါတယ်။

တစ်ချိန်တည်းမှာပဲ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များအဖွဲ့ကလည်း အခုလိုမျိုးတစ်ရက်အနည်းဆုံးလုပ်အားခတိုးပေးခြင်းက ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေလိမ့်မယ်လို့ သတိပေးထားပြန်ပါတယ်။

သို့သော်လည်း ထိုင်းအစိုးရက ရှေ့ပြေးစီမံကိန်းအစီအစဉ်အနေနဲ့ ပြည်နယ်တချို့မှာ ဒီလိုမျိုးတစ်ရက်အနည်းဆုံးလုပ်အားခတိုးမြှင့်ပေးတာကိုလုပ်နေပါပြီ။ တစ်နိုင်ငံလုံးမှာတော့ အောက်တိုဘာလကစပြီး တိုးမြှင့်ပေးသွားမှာပါ။

လက်ရှိအချိန်မှာ ထိုင်းနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းထားက ခုနစ်လတာကာလအတွင်း ပထမဆုံးအနေနဲ့ အကျဘက်ကို ဦးတည်လာနေပါတယ်။ ဒါပေမဲ့လည်း ဗဟိုဘဏ်ရဲ့ သတ်မှတ်နှုန်းထားဖြစ်တဲ့ ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအတွင်းကိုတော့ မဝင်နိုင်သေးပါဘူး။

တကယ်တော့ ငွေကြေးဖောင်းပွမှုက သတ်မှတ်နှုန်းထားအတွင်းဝင်၊ မဝင်ဆိုတာက ပြဿနာမဟုတ်ပါဘူး။ သတ်မှတ်နှုန်းထားအတွင်းမဝင်တာ အချိန်ကြာမှသာပြဿနာဖြစ်တာပါ။


အခုအချိန်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ငွေကြေးဖောင်းပွမှုကို ကျဆင်းအောင်မလုပ်ပေးနိုင်သေးပေမယ့် ပြည်သူတွေရဲ့စားဝတ်နေရေးအကျပ်အတည်းပြေလည်အောင်တော့ ဖြေရှင်းပေးထားတာရှိပါတယ်။

ဥပမာအားဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အဓိကကျတဲ့ ဒီဇယ်ဆီဈေးနှုန်းကို တစ်လီတာ ၃၃ ဘတ်နှုန်းနဲ့ ပုံသေသတ်မှတ်ပေးထားတာမျိုး၊ ရေနံဓာတ်ငွေ့အရည်ဈေးနှုန်းကိုလည်း ဈေးတန်းတစ်ခုမှာသတ်သတ်မှတ်မှတ်ထားပေးတာမျိုးနဲ့ တချို့သော လျှပ်စစ်မီတာခတွေကို လျှော့ချပေးထားတာမျိုးတွေ လုပ်ဆောင်ပေးထားပါတယ်။

***Ref: RTB***

မော်စကို၊ ပြည်တွင်းရေး

## ဗလာဒီမာပူတင်က ငါးဆက်မြောက်သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို



ရုရှားသမ္မတဗလာဒီမာပူတင်က ငါးဆက်မြောက်သမ္မတသက်တမ်းအတွက် မေလ ၇ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုလိုက်ကြောင်း သိရသည်။

အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ကရင်မလင်နန်းတော်၌ကျင်းပခြင်းဖြစ်ပြီး အသက် ၇၁ နှစ်ရှိပြီဖြစ်သည့် ပူတင်က ၎င်း၏ရုံးခန်းမှတစ်ဆင့် ကရင်မလင်နန်းတော်သို့ လာရောက်ခြင်းဖြစ်သည်။

ထိုကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ လွှတ်တော်အမတ်များ၊ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများတက်ရောက်သည်။

ပူတင်အနေဖြင့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တရားသူကြီးချုပ် ဗယ်လာရီဇော်ကင်က ပူတင်ကို ငါးဆက်မြောက်သမ္မတသက်တမ်းအတွက် အတည်ပြုသည်။ ယခုသမ္မတသက်တမ်းသည် လက်ရှိအခြေခံဥပဒေဖြင့်ပင် ခြောက်နှစ်ကြာမြင့်မည်ဖြစ်သည်။

ပူတင်သည် ၂၀၀၀ ပြည့်နှစ် ၂၀၀၄ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးဖြစ်သည်။ ယခုနှစ်တွင်မူ အနောက်အုပ်စုများမှ ကိုယ်စားလှယ်များက ပူတင်၏ကျမ်းသစ္စာကျိန်ဆိုပွဲသို့တက်ရောက်ခြင်းမရှိပေ။

မကြာသေးမီကကျင်းပပြီး ထောက်ခံမဲ ၈၇ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် ပူတင်က အနိုင်ရရှိခဲ့သည့် ရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့်မျှတမှုမရှိကြောင်း အနောက်နိုင်ငံများကစွပ်စွဲထားသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံနှင့် အနောက်နိုင်ငံများ၏ဆက်ဆံရေးသည် သမိုင်းတစ်လျှောက်အဆိုးဆုံးအခြေအနေသို့ ရောက်ရှိနေသည်။

အမေရိကန်ဦးဆောင်သောအနောက်အုပ်စုသည် ရုရှားနိုင်ငံအပေါ် ကြားခံစစ်ဆင်နွှဲနေသည်ဟု ရုရှားဘက်ကပြောထားစဉ် အနောက်အုပ်စုကလည်း ရုရှားနိုင်ငံအပေါ် မည်သည့်အခါကမျှ မချမှတ်ဖူးသည့် ပိတ်ဆို့မှုများချမှတ်ထားကြောင်း သိရသည်။

***Ref: RT***

မနီလာ၊ ပြည်တွင်းရေး

## ဖိလစ်ပိုင်ပြည်သူ သန်း ၄၀ ခန့်က သောက်သုံးရေချိုမရရှိဟုဆို

နိုင်ငံအတွင်းရှိ ဖိလစ်ပိုင်ပြည်သူ သန်း ၄၀ ခန့်အနေဖြင့် သောက်သုံးရေချိုကိုရရှိခြင်းမရှိကြောင်း သမ္မတ၏ပြန်ကြားရေးရုံးက မေလ ၇ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ကြောင့် အစိုးရဌာနများအနေဖြင့် ပြည်သူများကိုသောက်သုံးရေချိုရရှိအောင် ထောက်ပံ့ပေးနိုင်မည့်အစီအစဉ်များ ရေးဆွဲတင်ပြရန် ဖိလစ်ပိုင်သမ္မတဖာဒီနန်မားကို့က ညွှန်ကြားလိုက်သည်။

"သက်ဆိုင်ရာဌာနတွေအနေနဲ့ ပြည်သူသန်း ၄၀ အတွက်သောက်သုံးရေချိုရရှိနိုင်မယ့်အစီအမံတွေကိုတင်ပြရပါမယ်"ဟု သမ္မတ၏ပြန်ကြားရေးရုံးမှထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သောက်သုံးရေချိုမရရှိသည့် ပြည်သူသန်း ၄၀ အနေဖြင့် သောက်သုံးရေအတွက် နီးစပ်ရာကျွန်းများသို့ ဆိုင်ကယ်ဖြင့် သွားရောက်ခပ်ယူနေရကြောင်း ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်ရေးရာဝန်ကြီးကပြောသည်။

အဆိုပါပြည်သူများအတွက် သောက်သုံးရေချိုရရှိနိုင်မည့်အစီအစဉ်တစ်ရပ်အနေဖြင့် ပင်လယ်ရေကိုရေချိုသို့ ပြောင်းလဲပေးနိုင်မည့်နည်းလမ်းကို သက်ဆိုင်ရာက စဉ်းစားနေကြောင်း ဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန်ကပြောသည်။

ထိုနည်းလမ်းသည် ကျွန်းစုကျေးရွာငယ်များ၊ ကမ်းရိုးတန်းဒေသများအတွက် အလွန်အသုံးဝင်မည်ဖြစ်သောကြောင့် ရှေ့ပြေးစီမံကိန်းအနေဖြင့် ကျွန်းစုကျေးရွာပေါင်း ၆၅ ရွာတွင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကျွန်းစုနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် တစ်နှစ်လျှင် နိုင်ငံသားတစ်ဦးအတွက် ရေချိုပမာဏ ၁၄၀၀ ကုဗမီတာသာ ရရှိနိုင်သည့်နိုင်ငံဖြစ်သည်။

ထိုပမာဏသည် ပုံမှန်သတ်မှတ်စံနှုန်းဖြစ်သည့် လူတစ်ဦးအတွက်တစ်နှစ်လျှင် ရေချို ၁၇၀၀ ကုဗမီတာနှင့်နှိုင်းယှဉ်ပါက များစွာနည်းပါးကြောင်းသိရသည်။

***Ref: Xinhua***



ဟန့်ိုင်း၊ သဘာဝဘေး

## ဗီယက်နမ်၌ ယခုလအတွင်းသဘာဝဘေးကြောင့် သေဆုံးသူ ခြောက်ဦးရှိ

ဗီယက်နမ်နိုင်ငံ၌ ယခုလအတွင်း သဘာဝဘေးကြောင့် သေဆုံးသူ ခြောက်ဦးနှင့်ဒဏ်ရာရသူ ၁၁ ဦးရှိကြောင်း သဘာဝဘေးကာကွယ်ထိန်းချုပ်ရေးဌာနက မေလ ၇ ရက်တွင်ထုတ်ပြန်သည်။

အထူးသဖြင့် မိုးသည်းထန်စွာရွာသွန်းမှု၊ မိုးသီးကြွေမှု၊ မိုးကြိုးပစ်မှုနှင့်မြေပြိုမှုတို့ဖြစ်ပွားခြင်းဖြစ်သည်။ မေလ ၆ ရက် မွန်းလွဲပိုင်းတွင် ဟာတင်းပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မြေပြိုမှုဖြစ်ပွားသောကြောင့် အလုပ်သမား သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသည်။

သဘာဝဘေးကြောင့် နောက်ထပ်သေဆုံးသူ သုံးဦးမှာ ကွမ်နင်း၊ ယန်းဘိုင်နှင့် လောင်းအန်ပြည်နယ်တို့မှဖြစ်သည်။ ထို့ပြင် နိုင်ငံမြောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် မိုးသီးကြွေမှု၊ မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် နေအိမ်ရာပေါင်းများစွာထိခိုက်ပျက်စီးမှုဖြစ်ပွားသည်။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် မိုးလေဝသထုတ်ပြန်ချက်ကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ကာ လိုအပ်သောဆောင်ရွက်ချက်များလုပ်ဆောင်ရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။ ***Ref: Xinhua***

မော်စကို၊ စစ်ရေး

## ရုရှားက ဗြိတိန်ကို စစ်ရာဇသံပေး



ယူကရိန်းတပ်ဖွဲ့များအနေဖြင့် ဗြိတိန်နိုင်ငံထုတ် ဒုံးကျည်များဖြင့် ရုရှားနိုင်ငံပိုင်နက်အတွင်းသို့ တိုက်ခိုက်မှုများလုပ်ဆောင်လာပါက ရုရှားနိုင်ငံက ဗြိတိန်နိုင်ငံ၏ပစ်မှတ်များကို လက်တုံ့ပြန်တိုက်ခိုက်မှုများလုပ်ဆောင်သွားမည်ဟု စစ်ရာဇသံပေးလိုက်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံအနေဖြင့် ဗြိတိန်နိုင်ငံက ပေးပို့သော တာဝေးပစ်ဒုံးကျည်များအသုံးပြု၍ ရုရှားနိုင်ငံ၏အတွင်းပိုင်းဒေသများသို့ ပစ်ခတ်တိုက်ခိုက်ခွင့်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ကင်မရွန်းက သတင်းဌာနတစ်ခုသို့မှတ်ချက်ပြုပြောပြီးနောက် ရုရှားဘက်ကယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံဆိုင်ရာဗြိတိန်သံအမတ်ကြီး နိုင်ဂျယ်ကာဆီကိုဆင့်ခေါ်ကာ သံတမန်လမ်းကြောင်းမှတစ်ဆင့် တရားဝင်ကန့်ကွက်မှုပြုလုပ်သည်။

"ယူကရိန်းက ဗြိတိန်နိုင်ငံထုတ်လက်နက်တွေနဲ့ ယူကရိန်းနိုင်ငံအပေါ် တိုက်ခိုက်မှုလုပ်မယ်ဆိုရင် ယူကရိန်းနိုင်ငံနဲ့ တခြားနေရာများမှာရှိတဲ့ ဗြိတိန်နိုင်ငံရဲ့စစ်ရေးအဆောက်အအုံတွေ၊ စစ်လက်နက်ပစ္စည်းတွေကို ရုရှားက ပစ်မှတ်ထားတုံ့ပြန်တိုက်ခိုက်ရပါလိမ့်မယ်လို့ ကာဆီကိုသတိပေးလိုက်ပါတယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသို့ မကြာသေးမီကလွှဲပြောင်းပေးပို့လိုက်သော တာဝေးပစ်လက်နက်များကို ယူကရိန်းကပိုင်ဆိုင်ထားသည်ဟုဆိုသော ဒေသများတွင်သာအသုံးပြုရန် အမေရိကန်နှင့်မဟာမိတ်နိုင်ငံများက သတ်မှတ်ပေးထားသည်။

ယခု ဒေးဗစ်ကင်မရွန်း၏မှတ်ချက်ပြုစကားသည် ဗြိတိန်နိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခတွင် တိုက်ရိုက်ပါဝင်နေပြီဟု ပြောလိုက်သည်နှင့်အတူတူပင်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ဗြိတိန်သာ ပဋိပက္ခတွင်ပါဝင်လာပါက ဖြစ်ပေါ်လာနိုင်သော ကမ္ဘာပျက်လောက်သည့်နောက်ဆက်တွဲအကျိုးဆက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဗြိတိန်သံအမတ်ကြီးကို တိုက်တွန်းထားသည်။

မေလ ၆ ရက်တွင် ရုရှားသမ္မတဗလာဒီမာပူတင်က နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များအသုံးပြုမှုကို စစ်ဆေးနိုင်ရေးအတွက် စစ်ရေးလေ့ကျင့်ခန်းတစ်ရပ်ကိုလုပ်ဆောင်ရန် ညွှန်ကြားထားသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

***Ref: RT***

နေပြည်တော် မေ ၇

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပိုမိုထိရောက်စွာ ပေးနိုင်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Christophe Ami Leon Taramarcaz တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၇

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများပေးပို့



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပရိဘောဂများနှင့် ထင်းအစားထိုးလောင်စာများအပါအဝင် စုစုပေါင်းတန်ချိန် ၁၅၀၄ ဒသမ ၄၃ ကို ကုန်တင်ရေယာဉ်ဖြင့် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၆ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၆၇၇၄၁ ဒသမ ၉၂ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၅-၂၀၂၄ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၅ | ၂၉၀၀ | ၂၈၈၅ | ၂၈၄၀ | ၂၉၀၀ | ၂၉၁၅ | ၂၉၂၀ | ၂၈၈၀ | ၃၀၂၀ | ၃၀၄၅ | ၂၈၉၀ | ၂၉၀၅ | ၂၉၃၅ | ၂၉၃၀ | ၂၉၄၀ | ၃၃၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၄၅ | ၃၀၁၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၁၀ | ၃၀၂၅ | ၃၀၃၀ | ၂၉၉၀ | ၃၁၃၀ | ၃၁၅၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၀ | ၃၀၅၀ | ၃၄၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၁၀ | ၂၄၆၅ | ၂၄၈၅ | ၂၄၉၀ | ၂၄၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၅ | ၂၄၉၅ | ၂၅၀၅ | ၂၉၃၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၇ | ၂၇၈၅ |
| 95 Ron | ၂၈၀၄ | ၂၈၉၄ |
| HSD (500 ppm) | ၂၂၇၇ | ၂၃၅၃ |
| HSD (50 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (10 ppm) | ၂၃၂၄ | ၂၄၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫**
၈-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

ကမ္ဘာ့ကြက်ခြေနီနေ့ဂုဏ်ပြုကဗျာ

# ရိုင်းပင်းကူညီ ကြက်ခြေနီ

* ကြက်ခြေနီဆိုသည်က
ဆင်းရဲဒုက္ခ လျော့ပါးသက်သာ
ရည်ရွယ်ချက်ငှာ။
* ကျန်းမာရေးမြှင့်တင်ကာ
ဘေးရောဂါ အစဉ်တားဆီး။
* ဒုက္ခရောက်သူ ကူညီအပ်
မြင့်မြတ်ဖွဲ့စည်း။
* ရှေးဦးပြုမူ ကြိုတင်လျက်
ဆေးဘက်ကျွမ်းကျင် မရောက်မီ
လက်တွေ့ကူညီ။
* စိတ်ရုပ်ပိုင်းကောင်းမွန်တည်
ရည်ရွယ်ချက်မြင့်မား။
အသက်အန္တရာယ် ဘေးရန်ကင်း
ဆောင်ကြဉ်းစွမ်းအား။
* ကြက်ခြေနီမောင်မယ်များ
အရန်အင်အားပီပြင်
ပူးပေါင်းအစဉ်။
* သဘာဝဘေးကျရောက်စဉ်
လျင်မြန်စွာ ပါဝင်ထမ်း။
* ကိုယ့်အကျိုးသာ မငဲ့ကွက်
ကြိုးပမ်းဆောင်ရွက်။
* ကြက်ခြေနီ မေတ္တာပွား
နှလုံးသားလှမြဲပါ
သက်တမ်းရှည်ကြာ။
* မူ (၇)ရပ်ချမှတ်ကာ
ဆောင်ရွက်လာစဉ်အဆက်။
အများအကျိုးကို ဆောင်သယ်ပိုး
ဆတိုးဆောင်ရွက်။
* အဖြူရောင်စိတ်ရင်းပြည့်ဝဘိ
ကမ္ဘာ့ကြက်ခြေနီနေ့ရောက်ပြီ
ရင်၌ဖြစ်တည်။
* ရိုင်းပင်းလျက်ကြက်ခြေနီ
ဖေးကူညီမနွေး။
လူသားချင်းထောက်ထားစာနာ
အစဉ်သာရှင်သန်လန်း
ဝိုင်းဝန်းကာကြိုးပမ်းလို့
ရှင်လန်းစေရေး။ ။

**မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)**

ရန်ကုန် မေ ၇

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားရုံ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားကစားပစ္စည်းလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဖူဆယ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ဖူဆယ်ဘောလုံးဝါသနာရှင်များက ပထမနေ့ပြိုင်ပွဲဖြစ်သည့် ကမာရွတ်ခရိုင်အသင်းနှင့် ဒဂုံမြို့သစ်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများအား ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲတွင် အသင်း ၁၄ သင်းပါဝင်ပြီး အုပ်စုခွဲကာ အမျိုးသားပြိုင်ပွဲအား ဒဂုံမြို့သစ်(တောင်ပိုင်း) ဖူဆယ်အားကစားကွင်း၌ လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲအား တာမွေမြို့နယ် ကျိုက္ကဆံဖူဆယ်အားကစားကွင်း၌လည်းကောင်း မေလ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများအားရွေးချယ်၍ နေပြည်တော်တွင် ဇူလိုင်လ ၁၇ ရက်မှ ၂၄ ရက်ထိကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါ်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးဖတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီ၊ ၂၀၂၄)**

မော်လမြိုင် မေ ၇

## လူရည်ချွန်စခန်းများမှ ပြန်လည်ရောက်ရှိလာသော လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆို



၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်အဖြစ် ရွေးချယ်ခံပြီး လူရည်ချွန်စခန်းများမှ ပြန်လည်ရောက်ရှိလာသော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပရာ ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှကျောင်းအုပ်ကြီးမိသားစုနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများက အိုးစည်ဒိုးပတ်အကများ၊ ပန်းစည်းများ၊ အောင်သပြေပန်းများဖြင့် လှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါလူရည်ချွန်မောင်မယ်များသည် နိုင်ငံတော်မှ စီစဉ်ပေးသော အပန်းဖြေလေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်ခဲ့သည့် ပုဂံ၊ တောင်ကြီး၊ ချောင်းသာ၊ ငွေဆောင် လူရည်ချွန်စခန်း အသီးသီးသို့သွားရောက်ခဲ့ကြပြီး လေ့လာရေးခရီးအတွေ့အကြုံများကို အသီးသီးရှင်းလင်းပြောကြားခဲ့ကြသည်။

ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ သုံးထပ်ကွမ်းလူရည်ချွန်တစ်ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန်သုံးဦး၊ တစ်ထပ်ကွမ်းလူရည်ချွန်ခြောက်ဦးအပါအဝင် လူရည်ချွန်မောင်မယ် ၁၀ ဦးက လူရည်ချွန်ဆု ၁၅ ဆုရရှိခဲ့ကြောင်း သိရသည်။

**လင်းခန့်**

နေပြည်တော် မေ ၇

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇° C | / | ၃၇.၅° C |
| ရန်ကုန် | ၂၇ ° C | / | ၃၉.၈° C |
| မန္တလေး | ၂၅° C | / | ၃၅.၀° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် မေ ၇

## ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၇၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၇၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေလ ၃ ရက် ညနေ ၅ နာရီခွဲတွင် နောင်ချိုမြို့နယ် ဒုဋ္ဌဝတီတံတားအနီးတွင် ရပ်စောက်ဘက်မှ နောင်ချိုဘက်သို့ ညီညီအောင် မောင်းနှင်လာသည့် LIGHT TRUCK ယာဉ်ကိုစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် စစ်ဆေးမခံဘဲ အရှိန်တင်မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က ပိတ်ဆို့ဖမ်းဆီးခဲ့ရာ နောင်ချိုမြို့နယ် မကျည်းရေကျေးရွာအနီး နောင်ချို-ရပ်စောက် သွားကားလမ်း မိုင်တိုင်အမှတ် ၁၁၇/ ၃ အနီး လမ်းဘေးရှိချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားစဉ် ညီညီအောင်အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါယာဉ်ပေါ်တွင်သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဖမ်းဆီးရမိသူအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော်    မေ    ၇

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၅)၊ အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၇)၊ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်အခမ်းအနားများကျင်းပ



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၅)၊ အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၇)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ယင်းတက္ကသိုလ်၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အဆင့်မြင့်အရာရှိကြီးများအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားအတွင်း သိရှိနားလည်ထားသင့်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများကိုသိရှိနားလည်စေရန်၊ မိမိတာဝန်ယူရသော စီမံခန့်ခွဲမှုအုပ်ချုပ်ရေးကဏ္ဍတို့တွင် ဦးဆောင်နိုင်မှု စွမ်းရည်မြင့်မားလာစေရန် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏အဆင့်မြင့်တာဝန်များကို အောင်မြင်စွာသယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရေးအတွက် ပျိုးထောင်လေ့ကျင့်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာအကောင်အထည်ဖော်ချိန်ဖြစ်သည့်အတွက် မိမိတို့တတ်စွမ်းသည့်ဘက်မှ အားဖြည့်လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၅)သို့ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ သင်တန်းသား ၂၀၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၆ ရက်မှ ဇွန်လ ၂၈ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့ပြင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၇)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ယခုဖွင့်လှစ်သောသင်တန်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ပိုမိုကောင်းမွန်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများသိရှိထားရမည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို နားလည်ကျွမ်းကျင်စေရန်၊ ပြည်တွင်း/ပြည်ပ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေနှင့် ကောင်းမွန်သော အုပ်ချုပ်မှု၊ ခေါင်းဆောင်မှုသဘောတရားများကိုသိရှိစေရန်၊ ပြည်သူလူထုအား ထိရောက်မြန်ဆန်သည့် ဝန်ဆောင်မှုသတင်းအချက်အလက်များ မျှဝေပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းမှရရှိသောအတွေ့အကြုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် အကျိုးရှိစွာအသုံးချစေလိုပါကြောင်း၊ ကျရာအခန်းကဏ္ဍမှ အဂတိတရားကင်းရှင်းပြီး စိတ်ကောင်းစေတနာကောင်းဖြင့် ဝန်ဆောင်မှုပေးကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၃၄ ဦး၊ သင်တန်းသူ ၁၁၃ ဦး စုစုပေါင်း ၂၄၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၆ ရက်မှ ဇူလိုင်လ ၁၂ ရက်ထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**


## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | နုန်းသဲ | ၆၀၀၀ ကျင်း |
| (ခ) | မြစ်သဲကြမ်း | ၁၁၅၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၅-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ဖော်ပြပါပစ္စည်းများကို ၁၄-၅-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်၊ ၀၁-၃၈၈၇၃၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ခရိုင်(၁၄)ခရိုင်အတွင်းရှိ ထရန်စဖော်မာများ ထိန်း/ပြင်လုပ်ငန်းဆောင်ရွက်ရာတွင် သုံးစွဲနိုင်ရန် Transformer Oil၊ ခရိုင်(၁၄)ခရိုင်အတွင်းရှိ မြို့နယ်များတွင် ကန်ထရိုက်တိုက်များမီးရရှိရေးအတွက် လိုအပ်သောထရန်စဖော်မာနှင့် ထရန်စဖော်မာဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၁၃-၅-၂၀၂၄)ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ (၂၈-၅-၂၀၂၄)ရက်နေ့ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
မြသန္တာကျော်(ဘ)ဦးကျော်ရွှေ ၁၄/ခနဖ(နိုင်)၁၈၁၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 879421)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၀၅၆၂**

### ပျောက်ဆုံးကြောင်း
မြင့်မြင့်ဆွေ(ဘ)ဦးညို ၁၄/မမက(နိုင်)၀၀၅၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၇၁၀၃၂၉၉**

### ပျောက်ဆုံးကြောင်း
တေဇာလင်း(ဘ)ဦးလှမြင့် ၁၄/အဂပ(နိုင်)၁၇၆၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 342775)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
မရည်မွန်ဖြိုး(ဘ)ဦးညိုဝင်း ၇/လပတ(နိုင်)၁၆၃၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 817876)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၅၁၇၆**

### ပျောက်ဆုံးကြောင်း
အေးချမ်းမြေ့(ဘ)ဦးဇော်ထွန်း ၁၂/ဗတထ(နိုင်)၀၄၄၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 110882)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၅၁၇၆**

### ပျောက်ဆုံးကြောင်း
မလီဒီယာ(ဘ)ဦးဇမ်းလျန်ထန် ၁၂/မရက(နိုင်)၁၅၇၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 040481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၄၉၀၅၆၃၃**

### ပျောက်ဆုံးကြောင်း
နန်းယုလေးနွယ်(ဘ)ဦးစောအောင်ညွှန့် ၃/လဘန(နိုင်)၀၃၂၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(931039)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
မိရိရိသန်း(ဘ)ဦးမန်းဦး ၃/ကကရ(နိုင်)၁၄၄၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 698393)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
ခင်မျိုးနွယ်(ဘ)ဦးလှအောင် ၁၂/လမန(နိုင်)၀၀၈၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဂျော်ကာ(ဘ)ဦးဘိုကျော် ၉/ကပတ(နိုင်)၁၉၅၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 966982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၇၁၀၈၃၇၀**

### ပျောက်ဆုံးကြောင်း
ခိုင်နှင်းဝေ(ဘ)ဦးအောင်နိုင် ၇/တငန(နိုင်)၂၂၁၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 419045)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၂၉၄၄၅၁၄**

### ပျောက်ဆုံးကြောင်း
ချမ်းမြေ့အောင်(ဘ)ဦးသန်းဌေးဝင်း ၈/မမန(နိုင်)၂၀၄၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 118803)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၇၅၅၅၄၅**

### ပျောက်ဆုံးကြောင်း
နုဝေလှိုင်(ဘ)ဦးညွန့်ဝေ ၇/ပခတ(နိုင်)၀၉၃၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 196884)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပန်းအိခိုင်(ဘ)ဦးမြင့်နိုင်ဦး ၇/မညန(နိုင်)၁၃၂၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 947769)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အေးချမ်းမောင်(ဘ)ဦးမောင်ကျော် ၈/မသန(နိုင်)၁၄၀၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 653687)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၄၁၃၅၂၉**

### ပျောက်ဆုံးကြောင်း
ကိုယာမိုး(ဘ)ဦးဘသိန်း ၁၂/ဒဂမ(နိုင်)၀၁၅၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(705862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၄၀၀၀၅**

### ပျောက်ဆုံးကြောင်း
မျိုးမွန်(ဘ)ဦးအေးမြင့် ၁၂/ဗတထ(နိုင်)၀၃၆၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 500648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၆၅၂၉၇၀၃**

### ပျောက်ဆုံးကြောင်း
အုပ်စိုးခန့်(ဘ)ဦးထွန်းထွန်းဦး ၇/ဖမန(နိုင်)၂၅၂၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 657445)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၂၄၈၆၉၀၃**

### ပျောက်ဆုံးကြောင်း
အောင်ထက်နိုင်(ဘ)ဦးခိုင်ဇော် ၁၄/လမန(နိုင်)၁၀၈၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 563997)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၅၇၀၃၃**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(၂)လမ်းနေ ဝင်းအောင်(ဘ)ဦးအောင်ကြည် ၁၂/ကမတ(နိုင်)၀၆၈၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 252179)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၂၁၆၁၅**

### ပျောက်ဆုံးကြောင်း
ရှမ်းပြည်နယ်၊ လားရှိုးမြို့နေ သိန်းထိုက်ဝင်း(ဘ)ဦးမောင်စိန် ၁၃/လရန(နိုင်)၁၃၁၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 810613)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ဝေါမြို့နယ်၊ အရှေ့ဘက်ကမ်းရပ်ကွက်နေ ဝင့်ဝါ(ဘ)ဦးကြည်ညွှန့် ၇/ဝမန(နိုင်)၁၆၈၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 724791)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၃၂၉၆၆၃**

### ပျောက်ဆုံးကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၅)နေ ဒေါ်ကျိန်နွမ်ဒိမ်(ဘ)ဦးဟန်ဒိုပေါင် ၅/ကလထ(နိုင်) ၁၅၆၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၆၁၅၆၈၁**

### ပျောက်ဆုံးကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၅)နေ ဦးဒါလ်ဆွန်ထမ်(ဘ)ဦးပွန်းခိုထန် ၅/ကလထ(နိုင်) ၀၅၂၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၆၁၅၆၈၁**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်နေ မောင်လင်းလင်းဦး(ဘ)ဦးမောင်တော ၇/ရတန(နိုင်)၀၆၉၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၄၇၇၅၂၀၂**

### ပျောက်ဆုံးကြောင်း
ပုသိမ်မြို့နယ်၊ ဆင်ခေါင်းရွာနေ စောလွယ်ရှီး(ဘ)ဦးစောမောင်ကေ ၁၄/ပသန(နိုင်)၃၃၅၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 407595)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၄၂၅၄၇၂၇**

### ပျောက်ဆုံးကြောင်း
ဘီးလင်းမြို့နယ်၊ နှင်းပုလဲကျေးရွာနေ ကျော်ဝင်းထွန်းအောင်(ဘ)ဦးအောင်မြင့်စိန် ၁၀/ဘလန(နိုင်)၁၈၉၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 030822)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၆၉၅၃၅၄**




## လေလံကြော်ငြာ

၁။ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချသွားပါမည်-

(က) လေလံတင်ရောင်းချမည့်ရက်စွဲ - ၁၆-၅-၂၀၂၄(ကြာသပတေးနေ့)။
(ခ) လေလံတင်ရောင်းချမည့်အချိန် - နံနက်(၁၀း၃၀)နာရီ။
(ဂ) လေလံတင်ရောင်းချမည့်နေရာ - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့။

၂။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်း၊ ပစ္စည်းစာရင်းနှင့် ကြည့်ရှုခွင့်လက်မှတ်များအား (၁၄-၅-၂၀၂၄)ရက်နေ့မှစ၍ (၀၉း၃၀)နာရီမှ(၁၆း၃၀)နာရီအတွင်း လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းအမှတ် (၀၈၂-၂၂၀၃၀၆၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

### အမည်ပြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ အ. ထ. က(၁၃)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ Grade-6 အောင်မြင်ခဲ့သော အဘ ဦးရန်အောင် ၂/လကန(နိုင်)၀၇၆၅၂၉ ၏သား မောင်သူရလင်းအောင်အား မောင်သူရဘုန်းသျှံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သူရဘုန်းသျှံ**

### အမည်ပြောင်း

လယ်ဝေးမြို့၊ ရှမ်းပင်အုပ်စု၊ ရှမ်းပင်ရွာနေ အဘ ဦးဖြိုးမြတ်အောင် ၇/အတန(နိုင်)၀၇၈၇၅၂ ၏သမီး မမြတ်သီရိအောင်အား မအေးမြတ်သံစဉ်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအေးမြတ်သံစဉ်ဖြူ**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်း Grade-4 တွင်ပညာသင်ကြားနေသော ဦးကျော်ကျော် ၈/တတက(နိုင်)၀၆၅၉၄၈ ၏သား မောင်ခန့်သုတအား မောင်မင်းဘုန်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းဘုန်းသန့်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန နိုင်လွန်ကတ္တရာကျိုစက်ရုံ(AC Plant)တွင် အသုံးပြုရန်လိုအပ်သည့် စက်အပိုပစ္စည်းများ(Spare Parts) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနရှိ Linn-hoff TRX 1000 Stationary Asphalt Batching Plant (Germany) အမျိုးအစား နိုင်လွန်ကတ္တရာကျိုစက်၏ စက်အပိုပစ္စည်း(Spare Parts)များအား ဝယ်ယူသွားမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - ၇-၅-၂၀၂၄(အင်္ဂါနေ့)
(ခ) တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၁-၅-၂၀၂၄(အင်္ဂါနေ့) မွန်းတည့်(၁၂း၀၀)နာရီ
(ဂ) တင်ဒါတစ်စောင်ဈေးနှုန်း - ငွေကျပ် ၁၀၀၀၀/-နှုန်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပုံစံများ ရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၉-၄၃၁၈၁၂၈၁၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)ရှိ ဘောလုံးကွင်းပြုလုပ်ခြင်း (ပြေးလမ်းအပါနှင့် ဘောလုံးကွင်းပွဲကြည့်စင် တည်ဆောက်ခြင်း)လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၆-၅-၂၀၂၄ ရက်နေ့မှ ၂၀-၅-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၀-၅-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇-၃၄၀၄၀၂၀၊ ၀၆၇-၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူသောလူနာများအတွက် လိုအပ်သည့် (FDA) အသိအမှတ်ပြုဆေးဝါးများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများ၊ Consumable များ၊ Consumable For Speciality များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက် - ၆-၅-၂၀၂၄(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့) ညနေ(၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၂၄၉၁၆**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (တင်ဒါအမှတ်-၁/၂၀၂၄-၂၀၂၅) လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့(၁၈)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအိတ်ဖွင့်တင်ဒါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၆-၅-၂၀၂၄)(ကြာသပတေးနေ့) ရုံးဖွင့်ရက်/ရုံးချိန်အတွင်း
(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - (၂၃-၅-၂၀၂၄)(ကြာသပတေးနေ့) မွန်းတည့်(၁၂း၀၀)နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - (၂၇-၅-၂၀၂၄)(တနင်္လာနေ့) နံနက်(၉း၃၀)နာရီ
(ဃ) တင်ဒါဖွင့်မည့်နေရာ - လမ်းဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို လမ်းအထူးအဖွဲ့(၁၈)ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကုတ်မြို့တွင် ရုံးချိန်အတွင်း(ရုံးချိန်အတွင်း)လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**၀၄၃-၂၀၆၀၂၂၇၊ ၀၉-၂၅၄၀၉၂၉၈၃၊**
**၀၉-၄၂၀၇၃၁၂၄၇၊ ၀၉-၉၇၂၉၄၆၈၄၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈ × ၄၉ လမ်း(၁၁၇×၁၁၈)လမ်းကြားတွင် တည်ရှိသော လူ(၃၀၀)ဆံ့ ပွဲကြည့်စင်အပါအဝင် ဘောလုံးကွင်းနှင့်မိုးလုံလေလုံအားကစားရုံ(၁)ရုံအား အားကစားလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

(က) လျှောက်လွှာ ရောင်းချမည့်ရက် - ၁၆-၅-၂၀၂၄ မှ ၂၀-၅-၂၀၂၄ ထိ (ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ရက် - ၂၁-၅-၂၀၂၄(အင်္ဂါနေ့) ညနေ(၁၆း၃၀)နာရီ
(ဂ) အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ - ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန၊ (၆၂)A လမ်း၊ (၄၀×၄၁)လမ်းကြား၊ မနော်ရမ္မံရုံး

၂။ အထက်ပါတင်ဒါပုံစံကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၆၂)A လမ်း၊ (၄၀×၄၁)လမ်းကြားတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက (၀၉-၇၇၄၄၆၄၃၅၂)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

LOT 1 တွံတေးငါးလုပ်ငန်းစခန်းရှိ မြေသား(၂၀)ဧကပေါ်တွင် GAqP Model Farm ကန်တစ်ခု တည်ဆောက်ပြုပြင်တူးဖော်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို
(က) လျှောက်လွှာဝယ်ယူရမည့်ရက် - (၇-၅-၂၀၂၄) မှ (၂၀-၅-၂၀၂၄)
(ခ) လျှောက်လွှာများကို နောက်ဆုံးတင်သွင်းရမည့်ရက် - (၂၀-၅-၂၀၂၄)ရက်(၁၆း၃၀)နာရီ
(ဂ) နေရာ - ပိတောက်လမ်းမှတ်တိုင်အနီး၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက
(၁) ဦးတင့်လွင် - ၀၉-၅၁၈၄၅၂၈
(၂) ဒေါ်သန္တာမောင် - ၀၉-၄၂၁၀၈၇၄၆၀
(၃) ဒေါ်မိမိခိုင် - ၀၉-၇၅၅၀၄၃၃၉၆
(၄) ဒေါ်ယဉ်ယဉ်တင့် - ၀၉-၄၂၁၁၆၆၀၉၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ကိုးပင်)Grade-10 တွင် ပညာသင်ကြားနေသော ဦးလှမင်းထွန်း ၈/တတက(နိုင်)၁၀၆၄၆၃ ၏သားမောင်Dယံမြင့်မိုရ်ဦးအား မောင်ဒီယံမြင့်မိုရ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဒီယံမြင့်မိုရ်ဦး**

### ပျောက်ဆုံးကြောင်း

မင်းမင်းခန့်(ဘ)ဦးသိန်းနိုင်ထွန်း ၉/မဟမ(နိုင်)၀၇၆၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၂၉၀၅၂၂၂**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်(၃)ရပ်၊ စိန်ပန်းလမ်းနေ၊ ဦးပိုင်အမှတ်( )၊ မြေကွက်အမှတ်( )၊ ဒေါ်ပန်းအိဖြူ(၁၂/လယန(နိုင်)၀၁၃၆၈၀)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"× အနံ ၁၇'-၀")RC(၁)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ သရဖီလမ်း၊ ဦးပိုင်အမှတ်(၃၀+၃၁+၃၂)၊ ကွင်း/အကွက်နှင့်အမည်(၁၂-က/သိမ်တော်ကုန်း)နေ၊ ဦးချစ်မင်းထွန်း(၉/မထလ(နိုင်)၃၁၄၅၆၂)ကိုင်ဆောင်သူမှ (အလျား ၄၀'-၀"× အနံ ၁၀'-၀")RC(၁)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ မယ်ဟန်အုပ်စု၊ ကောင်းဆာ(၂)နေ မစံမိန်း(ဘ)ဦးလောက်ဝူ ၁၃/လရန(နိုင်)၂၂၅၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၄၆၀၀၉၈၇၉**

### ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ အုပ်စု(၁)၊ ရပ်ကွက်(၂)နေ မအေးရင်နု(ဘ)ဦးအိုက်စိန် ၁၃/တယန(နိုင်)၀၉၉၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၉၆၄၂၅၅**

လစ္စဘွန်း၊ ဘောလုံး

## လီဂါပေါ်တူဂီအမှတ်ပေးပြိုင်ပွဲ၌ စပို့တင်းလစ္စဘွန်းအသင်းက ပြိုင်ပွဲပြီးဆုံးရန်နှစ်ပွဲအလိုတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိ




ယခုဘောလုံးရာသီ လီဂါပေါ်တူဂီအမှတ်ပေးပြိုင်ပွဲ၌ ပြိုင်ပွဲပြီးဆုံးရန်နှစ်ပွဲအလိုတွင် စပို့တင်းလစ္စဘွန်းအသင်းက ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီ လီဂါပေါ်တူဂီအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၂) အဖြစ်ကစားသည့်ပွဲစဉ်တွင် စပို့တင်းလစ္စဘွန်းအသင်းက ပေါ်တီမိုနန်စီအသင်းကို ၃ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုအတွက် စပို့တင်းလစ္စဘွန်းအသင်းကို ဖိအားပေးနေသည့် အဆင့်(၂)နေရာမှ ဘင်ဖီကာအသင်းက ဖာမာလီကာရိုအသင်းကို ၂ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် စပို့တင်းလစ္စဘွန်းအသင်းက ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

လီဂါပေါ်တူဂီအမှတ်ပေးပြိုင်ပွဲ၌ ၃၂ ပွဲကစားပြီးချိန်တွင် စပို့တင်းလစ္စဘွန်းအသင်းက ၂၇ ပွဲ အနိုင်ရရှိခဲ့ကာ သုံးပွဲသရေနှင့် နှစ်ပွဲသာရှုံးနိမ့်ခဲ့ပြီး ရမှတ် ၈၄ မှတ်ဖြင့် ထိပ်ဆုံး၌ဦးဆောင်နေကာ အဆင့် (၂) နေရာမှ ဘင်ဖီကာအသင်းက ၂၄ ပွဲအနိုင်ရရှိခဲ့ပြီး လေးပွဲသရေနှင့် လေးပွဲရှုံးနိမ့်ကာ ရမှတ် ၇၆ မှတ်ဖြင့် ရပ်တည်နေသည်။

လီဂါပေါ်တူဂီအမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် စပို့တင်းလစ္စဘွန်းအသင်းက ဘင်ဖီကာအသင်းကို ရမှတ်ရှစ်မှတ် ဖြတ်တောက်နိုင်ခဲ့သည့်အတွက် လက်ကျန်ပွဲစဉ်နှစ်ပွဲတွင် ရှုံးနိမ့်ပြီး ဘင်ဖီကာအသင်းက နှစ်ပွဲစလုံးအနိုင်ရရှိမည်ဆိုပါကလည်း စပို့တင်းလစ္စဘွန်းအသင်းက ချန်ပီယံဆုဆွတ်ခူးရရှိပြီးဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းသည် လီဂါပေါ်တူဂီအမှတ်ပေးပြိုင်ပွဲ၌ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက ချန်ပီယံဆုကို နောက်ဆုံးဆွတ်ခူးနိုင်ခဲ့ပြီး ယခုဘောလုံးရာသီမှသာ ချန်ပီယံဆု ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ စပို့တင်းလစ္စဘွန်းအသင်းတိုက်စစ်မှူး ဂယိုကီယက်စ်သည်လည်း သွင်းဂိုး ၂၇ ဂိုးသွင်းယူထားပြီး သွင်းဂိုးအများဆုံးကစားသမားဆုအတွက် နီးစပ်လျက်ရှိကြောင်း သိရသည်။ ***Ref;Fotmob.com***

ဘာလင်၊ ဘောလုံး

## ဘိုင်ယန်မြူးနစ်အသင်းက လူငယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူရန်စီစဉ်

ဘိုင်ယန်မြူးနစ်အသင်း အားကစားဒါရိုက်တာ အီဘယ်က လေဗာကူဆင်အသင်း လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

ဖလိုရီယန်ဝက်ဇ်သည် ယခုဘောလုံးရာသီတွင် လေဗာကူဆင်အသင်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက်လည်း ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။

ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူလိုသော်လည်း ၎င်းကိုယ်တိုင်က လေဗာကူဆင်အသင်းနှင့်သာ ဆက်လက်လက်တွဲရန်ဆုံးဖြတ်ထားသည့်အတွက် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလမှသာ ခေါ်ယူရန်စီစဉ်ထားကြောင်း သိရသည်။

***Ref;Bild***

မက်ဒရစ်၊ ဘောလုံး

## စပိန်လာလီဂါပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ရီးယဲလ်ဘတ်တစ်အသင်းတိုက်စစ်မှူး အစ္စကိုဆွတ်ခူး

ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ရီးယဲလ်ဘတ်တစ်အသင်းတိုက်စစ်မှူး အစ္စကိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် အစ္စကိုသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဆီဗီလာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ရီးယဲလ်ဘတ်တစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ ယခုဘောလုံးရာသီတွင် ရီးယဲလ်ဘတ်တစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသူဖြစ်သည်။

အစ္စကိုသည် ပြီးခဲ့သည့်ဧပြီလအတွင်းကစားခဲ့သောပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ရီးယဲလ်ဘတ်တစ်အသင်းနှင့် ဆယ်လ်တာဗီဂိုအသင်းတို့ကစားသည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့်အပြင် အသင်းဟောင်း ဆီဗီလာအသင်းနှင့် ရီးယဲလ်ဘတ်တစ်အသင်းတို့ပွဲစဉ်တွင်လည်း အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်နှင့် ဗင်နီစီးယက်စ်တို့ကိုကျော်ဖြတ်ပြီး စပိန်လာလီဂါပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စကိုသည် ယခုဘောလုံးရာသီတွင် ရီးယဲလ်ဘတ်တစ်အသင်းနှင့်အတူ ပုံစံကောင်းများပြသနိုင်ခဲ့ကာ စပိန်လာလီဂါ ၂၇ ပွဲ ပါဝင်ကစားခဲ့ရာ ၁၈ ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

***Ref;The Athletic***

လန်ဒန်၊ ဘောလုံး

## ဝက်စ်ဟမ်းအသင်းက လာမည့်ဘောလုံးရာသီအကုန်တွင် ဒေးဗစ်မိုယက်စ်၏နေရာ၌အစားထိုးရန်အတွက် နည်းပြသစ်အဖြစ် လိုပက်တယ်ဂူရီကိုခန့်အပ်ရန် သဘောတူညီမှုရရှိထား

ဝက်စ်ဟမ်းအသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြဒေးဗစ်မိုယက်စ်နှင့် လမ်းခွဲမည်ဖြစ်ပြီး နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြလိုပက်တယ်ဂူရီကိုခန့်အပ်ရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

အသက် ၆၁ နှစ်အရွယ် နည်းပြဒေးဗစ်မိုယက်စ်သည် ၂၀၁၇ ခုနှစ်က ဝက်စ်ဟမ်းအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ယူရိုပါကွန်ဖရန့်လိဂ်ချန်ပီယံဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်ကောင်းများရယူပေးနိုင်ခြင်းမရှိသည့်အတွက် ဝက်စ်ဟမ်းအသင်းက ရာသီအကုန်တွင် လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် နည်းပြလိုပက်တယ်ဂူရီမတိုင်မီက နည်းပြသစ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနည်းပြ အမိုရင်ကိုခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေခဲ့သည့်အတွက် နည်းပြလိုပက်တယ်ဂူရီကို ခန့်အပ်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဆီဗီလာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း အသက် ၅၇ နှစ်အရွယ် နည်းပြလိုပက်တယ်ဂူရီသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသော နည်းပြတစ်ဦးဖြစ်သည့်အတွက် ဝက်စ်ဟမ်းအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အတည်ပြုကြေညာရန် စီစဉ်ထားကြောင်း သိရသည်။

***Ref;Fabrizio Romano***



နေပြည်တော် မေ ၇

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၃ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လှိုင်မြို့နယ်၊ (၁၄) ရပ်ကွက်၊ အမှတ်(၇)ဝင်းရှိ ဂိုဒေါင်(၇)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ (၁၈)လီတာပုံး(၁၀၀)၊ Deestone ကားတာယာ (၆၅၀)လုံး၊ Fronway ကားတာယာ (၈၄၃)လုံး အပါအဝင် ကုန်ပစ္စည်း(၁၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၂၃၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၃ ရက်နှင့် ၄ ရက်**တို့တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီး၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီး၊ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၃)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Golden



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

Mountain ပဲငံပြာရည် (၆၀၀)ပုလင်း၊ PU ပလတ်စတစ် မတ်ခွက် (၁၅၀၀)လုံး၊ Lactasoy ပဲနို့(၁၂၀၀၀)ဘူးနှင့် Babi Mild ကလေးရေချိုးဆပ်ပြာ (၂၈၈)ဘူး၊ ဂျပန်နိုင်ငံထုတ် Recond TV (၁၂၄)လုံးအပါအဝင် ကုန်ပစ္စည်း(၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၀၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် TT Bus (၁)စီး၊ Yutong Bus (၂)စီး၊King Long Bus (၁)စီး၊ Higer Bus (၁)စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀)ကို လည်းကောင်း၊ **မေလ ၅ ရက်**တွင် ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ပုစွန်နှစ်ကောင် စားအုန်းဆီ(၂)လီတာပါ (၂၇၆)ဘူး အပါအဝင် ကုန်ပစ္စည်း(၄)မျိုး


ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၇၉၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၅ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai ကြာဆံ (၁၀၈၀)ထုပ်၊ Donutt တံဆိပ်ဖြည့်စွက်စာဘူး (၃၂၄၀)၊ Vaseline Lotion (၁၈၀)ဘူး၊ Mudra LED မီးသီးအလုံး (၇၄၀၀)၊ New Choice မက်မွန်သီးနို (၁၈၀)ထုပ် အပါအဝင် ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၃၈၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ လှိုင်းဘွဲ့-ဘားအံကားလမ်းမ၊ ထီလုံစံပြကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိပ်ရာခင်းလိပ် (၁၂၀၀၀) ကီလိုဂရမ်၊ Lactasoy ပဲနို့ (၁၂၀၀၀)ဘူး အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးနှင့် Nissan Caravan Delivery Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၂၂၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **မေလ ၅ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဈေးကြီးလမ်းအနီး နေအိမ်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် M-150 အားဖြည့်အချိုရည် (၁၂၅၀)ဘူး အပါအဝင် ကုန်ပစ္စည်း(၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေလ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၅၆၆၈၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၇

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ


၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဧပြီလအတွင်း သတင်းရရှိမှု (၅၄)ကြိမ် ရရှိခဲ့ပြီး သတင်းမှား(၁၁)ကြိမ်၊ နောက်ကျသတင်း(၂)ကြိမ်နှင့် ဖမ်းဆီးရမိမှု (၄၁)ကြိမ်ဖြစ်သည်။ ဖမ်းဆီးရမိမှု အမှုတွဲ(၇၅)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း(၃၁)မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၁၁၃၉ ဒသမ ၀၀၃) သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် (၁၁၃၉ ဒသမ ၀၀၃)သန်း၏ ၂၀ ရာနှုန်းဖြစ်သော ငွေကျပ်(၂၂၇ ဒသမ ၈၀၁) သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုကြေးများနှင့်ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများမှ မြန်မြန်ဆန်ဆန်ချီးမြှင့်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍လည်း လစဉ်သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေး antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


၂၀၂၄ ခုနှစ် ဧပြီလ အတွင်း ဖမ်းဆီးရမိမှု။

ရန်ကုန် မေ ၇

# MNL League Cup ပြိုင်ပွဲ အုပ်စု(A)အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစား GFAအသင်းနှင့် University အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MNL League Cup ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ GFA အသင်းနှင့် Universityအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup ပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ GFAအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ GFAအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး GFAအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် လှဖုန်းဦးက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၄နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ University အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ University အသင်းက ၆ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၄ မိနစ်နှင့် ၆၈ မိနစ်တွင် အောင်မြင့်မြတ်ကလည်းကောင်း၊ ပွဲချိန် ၁၉ မိနစ်တွင် လှိုင်ဘွားကလည်းကောင်း၊ ပွဲချိန် ၄၄ မိနစ်တွင် ဇော်ဇော်ထိုက်ကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်တွင် ငြိမ်းဇေယျာကလည်းကောင်း၊ ပွဲချိန် ၆၄ မိနစ်တွင် ခွန်သန်းဦးကလည်းကောင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၉ မိနစ်တွင် Soulemanou ကလည်းကောင်း အသီးသီး သွင်းယူပေးခဲ့ကြသည်။

MNL League Cup ပြိုင်ပွဲအုပ်စု(B) ပွဲစဉ်များအဖြစ် မေလ ၈ ရက် ညနေ ၄ နာရီတွင် YUSCအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ သုဝဏ္ဏအားကစားကွင်း၌ Glory Goal အသင်းနှင့် ရိန်းဘိုးအသင်းတို့ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြို၍လိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




ဧပြီလ၊ ၂၀၂၄ခုနှစ်

ရန်ကုန် မေ ၇

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲစတင်ကျင်းပ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲရရှိ



မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ယနေ့ညနေပိုင်းမှစတင်ပြီး ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

ယနေ့စတင်ကျင်းပခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်များကို အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စပယ်ကြည်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်စောဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ် ယနေ့ ညနေ ၃ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် နန်းချိုမှူးကလည်းကောင်း၊ ပွဲချိန် ၄၅မိနစ်တွင် ယွန်းဝတီလှိုင်ကလည်းကောင်း သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် စလင်းအားကစားကွင်း၌ အသင်းသစ်ဧရာဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ အသင်းသစ်ဧရာဝတီအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဧရာဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် ဇီတာရှင်းကလည်းကောင်း၊ ပွဲချိန် မိနစ် ၇၀ တွင် လဲ့လဲ့လှိုင်ကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ် မေလ ၈ ရက် ညနေ ၄နာရီတွင် စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် မေ ၇

# ဆီဆိုင်မြို့နယ်၊ ထီဗွာကျေးရွာမှ ဒေသခံပြည်သူ ၉ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးထားကြောင်း အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ဆီဆိုင်မြို့နယ်၊ ထီဗွာကျေးရွာမှ ကိုယ်ဝန်သည် အမျိုးသမီး ၁ ဦးအပါအဝင် ဒေသခံပြည်သူ ၉ ဦးကို လူသားဒိုင်းအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီလ ၆ ရက်နေ့တွင် ဖမ်းဆီးထားပြီး ယနေ့အချိန်ထိ ပြန်လည်လွှတ်မြောက်ခြင်းမရှိသေးကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိဘဲ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် လုပ်ကြံရေးထားခြင်းသာဖြစ်ပြီး ထီဗွာကျေးရွာမှဒေသခံပြည်သူများကို ဖမ်းဆီးထားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရပါသည်။

အလားတူ တောင်ကြီးမြို့နယ်၊ ဇလဲကျေးရွာအုပ်စုရှိ ကျေးရွာများမှ စစ်မှုထမ်းရန်အတွက် တစ်ရွာလျှင် လူ ၃ ဦး စာရင်းပေးသွင်းရန်နှင့်လူမပေးနိုင်ပါက ငွေကျပ်သိန်း ၈၀ ပေးဆောင်ရမည်ဟု သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိပါသည်။

PNLO ၊ KNDF ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန်ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါသည်။ ၎င်းတို့၏လုပ်ရပ်များကို လုံးဝလက်ခံနိုင်မှုမရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန်စွပ်စွဲကာ သတင်းအမှားများကို ဝါဒဖြန့်ရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN NAN MYAING
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်နေထိုင်စားသောက်မှုများရှိရမည်ဖြစ်. . .

❖ ထိုသို့ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်

**နေပြည်တော် မေ ၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ●



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

စာ - ၆ သို့

**ဆောင်းပါး**

## ဆီထွက်သီးနှံဖူလုံရေး အမျိုးသားရေးအသိဖြင့် အားလုံးပူးပေါင်းပါဝင်ပေး

စာ - ၉ သို့

## လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

စာ - ၁၃ သို့

၇-၅-၂၀၂၄

### ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| မြဝတီ | ၄၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | ဟသ်ာတ | ၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဇော်းတူ | ၄၁ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ပဲခူး | ၄၀ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ကြို့ပင်ကောက် | ၄၀ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| ငါးသိုင်းချောင်း | ၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ရွှေကျင် | ၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | သိမ်ဇရပ် | ၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |

## ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၈၃ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၁၉၄ ဦးရှိ

စာ - ၇ သို့

## (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း (၅၄၆)တွဲ ရောင်းချနိုင်ခဲ့

စာ - ၁၇ သို့